# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 15 May 2023 ၁၁၀၉၆


### ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေး ကျင်းပစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေး ကျင်းပပြုလုပ်

## ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၁၄**

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(Extremely Severe Cyclonic Storm) “မိုခါ”(MOCHA)အဖြစ်သို့ ရောက်ရှိပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်မည့် အခြေအနေရှိနေသဖြင့် သဘာဝဘေးအန္တရာယ်မကျရောက်မီနှင့် ကျရောက်ပြီးချိန်များတွင် လိုအပ်သည့်အရေးပေါ် စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

### ယနေ့ ဖတ်စရာ


ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် စာမျက်နှာ » ၁၀

(၅၅)ကြိမ်မြောက် အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ကောင်စီအစည်းအဝေးအား မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ စာမျက်နှာ » ၂၂

ကြေးမုံ

# ဘေးမသန်း အေးချမ်းသည့်တရားဒေသနာတော်

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သတင်းသုံးတော်မူစဉ်က အလွန်တရာမှ ဝပြောစည်ကား ကြီးပွားတိုးတက်လှသော ဝေသာလီပြည်ကြီး၌ အစာရှားပါး ငတ်မွတ်ခေါင်းပါးဘေး၊ သားရဲဘီလူးဘေး၊ ရောဂါဆိုးဘေးဟူသော ဘေးကြီးသုံးမျိုး ဆိုက်ရောက်ဖြစ်ပေါ်ခဲ့သည်။ ထိုအခါ ပြည်သူပြည်သားလူအများသည် ဘေးအန္တရာယ်ပျောက်ကွယ်စေရန် နည်းလမ်းကောင်းများရှာဖွေကြရာ ဘုရားရှင် အားပင့်ဖိတ်လျှင် ဘေးသုံးပါးကင်းငြိမ်းလိမ့်မည်ဟူသောအကြံကို လက်ခံသဘော တူခဲ့ကြသည်။

ဘုရားရှင်သည် ငါးရာသော သံဃာတော်များနှင့် ဝေသာလီမင်း၏နယ်ပယ်သို့ ရောက်ရှိသောအခါ ဝေသာလီမှ လိစ္ဆဝီမင်းညီမင်းသားတို့သည် ဘုရားရှင်အား ဂင်္ဂါမြစ်သို့ ဆင်းသက်ကြ၍ ခရီးဦးကြိုဆိုကြသည်။ ဘုရားရှင် လှေပေါ်မှဆင်းသက်၍ ကုန်းပေါ်သို့ ခြေတော်ချလျှင် လျှပ်ပန်းလျှပ်ရောင်များနှင့်တကွ မိုးကြီးသည်းစွာ ရွာသွန်းလေသည်။ ရွာသွန်းသည့်မိုးသည် စွတ်စိုလိုသူတို့အား စွတ်စိုစေပြီး မစွတ်စို လိုသူတို့အား မစွတ်စိုခဲ့ချေ။ မိုးရေကြောင့် အပုပ်ကောင်တို့ မျောပါသွားပြီး ပတ်ဝန်းကျင်မြေပြင် စင်ကြယ်သန့်ရှင်းလေသည်။ ဝေသာလီပြည်သူပြည်သား တို့သည် ဘုရားရှင်နှင့်သံဃာငါးရာအား သုံးရက်တိုင်တိုင် ခမ်းနားကြီးကျယ်စွာ ပူဇော်ကြလေသည်။ မြတ်စွာဘုရားရှင်သည် မြို့တံခါး၌ ရပ်တော်မူလျက် ညီတော် အရှင်အာနန္ဒာအား “ချစ်သားအာနန္ဒာ ဤရတနသုတ်ကို သင်ယူမှတ်သား၍ လိစ္ဆဝီ မင်းသားတို့နှင့်အတူ လှည့်ပတ်လျက် ဝေသာလီပြည်သုံးထပ်သောတံတိုင်းတို့၏ အကြား၌ အဆီးအတားအကာအကွယ်ကို ပြုလုပ်ချေ” ဟု မှာတော်မူသည်။

အရှင်အာနန္ဒာလည်း ဘုရားရှင်၏ ကျေးဇူးတော်အဖုံဖုံ ဂုဏ်တော်အနန္တကို အထပ်ထပ်ဆင်ခြင်လျက် ညဥ့်သုံးယံမပြတ် ရွတ်ဖတ်သရဇ္ဈာယ်တော်မူပြီး နှုတ်တော်က “ယံကိဉ္စိ” အစရှိသောဂုဏ်တော်ကို ရွတ်ဖတ်ရင်း လက်ဖြင့်မြသပိတ် ရေစင်ကို တစ်ပြည်လုံး ပက်ဖျန်းလျက် လှည့်တော်မူရာ ဝေသာလီပြည်သူပြည်သား လူအများတို့မှာ ရောဂါဘေးသုံးပါးတို့ ကင်းဝေးကြလေသည်။ ထို့နောက် ဘုရားရှင် သည် အနာရောဂါဘေးကင်းပျောက်၍ လာရောက်ကြကုန်သော လူနတ်ဗြဟ္မာ အပေါင်းတို့အား ခုနစ်ရက်ပတ်လုံး ရတနသုတ်ကို ဟောကြားတော်မူရာ အလုံးစုံ သောသူတို့သည် ရောဂါဘေးဒဏ် ရန်မာရ်ခပ်သိမ်းကင်းငြိမ်းလွင့်ပျောက်၍ ရှစ်သောင်းလေးထောင်သော လူနတ်ဗြဟ္မာသတ္တဝါတို့ တရားထူးကို ရရှိခဲ့ကြသည်။

ဤအကြောင်းခြင်းရာသည် မြတ်စွာဘုရားရှင်လက်ထက်တော်က ဝေသာလီ ပြည်ကြီး၌ ဆိုက်ခဲ့သောဘေးသုံးပါးကို အပြီးတိုင်ပယ်ရှင်းနိုင်ခဲ့သည့် မြတ်စွာ ဘုရားရှင်ဟောကြားသော ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကျေးဇူးဖြစ်သည်။ ဤဂုဏ်ကျေးဇူးတရားများကို ယနေ့ထက်တိုင် ယုံကြည်စွာဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူပြည်သားအပေါင်းတို့က ဆည်းကပ်ပူဇော်ကြသဖြင့် ကျရောက်လာသည့် ဘေးအန္တရာယ်အမျိုးမျိုးကို ကျော်ဖြတ်နိုင်ခဲ့ကြသည်။ ပရိတ် တရားတော်မြတ်သည်ကား မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူမှ ရအပ်သောဓမ္မစက် ဒေသနာတော်မြတ်ဖြစ်သည်။ အလွန်တရာ ရခဲလှစွာသော လူ့ဘဝကြီးကို ရရှိကြပြီး အလွန်တရာကြုံကြိုက်ခဲလှစွာသော မြတ်စွာဘုရား၏အဆုံးအမတည်းဟူသော သာသနာတော်ကြီးကို အမှီသဟဲရရှိသည့်အခါ ဒေသနာတော် ပရိတ်တရားတော် မြတ်ကို ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် နေ့စဉ်နေ့တိုင်းဝတ်ထားလျက် ရွတ်ပွားကြားနာကြည်ညိုနိုင်ကြစေလိုပါသည်။

လောကလူသားတို့အနေဖြင့် လောကကောင်းကျိုးချမ်းသာတို့ကို လောကီ အလိုအားဖြင့် ဝါယမစိုက်ထုတ်ကြိုးပမ်းအားထုတ်ကြသလို လောကုတ္တရာအလို အားဖြင့် မြတ်စွာဘုရားရှင်၏ တရားဒေသနာတော် အဆုံးအမများနှင့်အညီ ကျင့်ကြံ အားထုတ်လုပ်ကိုင်ကြမည်ဆိုပါက အလုံးစုံသောကောင်းကျိုးချမ်းသာများ ရရှိခံစား နိုင်ကြမည်ဟု ယုံကြည်ပါသည်။ ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြားနာသူ တို့သည် မိမိတို့အပေါ် ကျရောက်လာမည့်ဘေးဥပဒ်အန္တရာယ်တို့ကို ကာကွယ်ရုံ လောက်သာ အကျိုးရောက်မည်မဟုတ်ပါ။ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား ကြီး ဟောကြားသည့်အလောင်းတော်မျောက်မင်းသည် ချောက်အတွင်း ကျရောက် သည့် ပုဏ္ဏားကြီးအား ကယ်ဆယ်ရာတွင် ပါရမီ (၁၀) ပါးဖြစ်ပွားကြောင်း ပြဆိုသကဲ့ သို့ ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်သူတို့သည်လည်း ပါရမီ (၁၀) ပါးဖြစ်ပွားနိုင် ပေသည်။

သို့ဖြစ်ရာ မျက်မှောက်ကာလ၌ လူအချင်းချင်း မေတ္တာစိတ်ကင်းမဲ့လျက် သတ်ဖြတ်ညှဉ်းဆဲကြသဖြင့် ဆင်းရဲဒုက္ခသို့ ကျရောက်ခြင်း၊ ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ခြင်း စသည့်အထိတ်တလန့်နှင့် ကြောက်ရွံ့ရသည့် ဝိပ္ပတ္တိခေတ်ကို ကျော်လွှားပြီး သမ္ပတ္တိခေတ်သို့ ပြောင်းလဲသွားစေခြင်းငှာ ရောဂါဘေးဒဏ် ရန်မာရ် အန္တရာယ်အသွယ်သွယ်တို့ကို ကာကွယ်စောင့်ရှောက်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာကျက်သရေတို့ တိုးပွားနိုင်သော ပရိတ်တရားတည်းဟူသော အရံအတားဖြင့် တစ်နိုင်ငံလုံး ဘေးမသန်း ငြိမ်းချမ်းသာယာဝပြောလာလိမ့်မည်ဟု ယုံကြည်မျှော်လင့် ပါကြောင်း။ ။

## SIM Card များ စနစ်တကျ မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသောဆင်းကတ် သုံးစွဲသူများထံ ရက်ပေါင်း (၃၀) အတွင်း မှန်ကန်စွာ ပြန်လည် မှတ်ပုံတင်ရန် အသိပေးစာတို (SMS)များ ပေးပို့သွားမည် ဖြစ်ပါသည်။ အသိပေးစာတို SMS များရရှိပြီး ရက်ပေါင်း (၃၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား One Way Block (အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှု ရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ One Way Block ဆောင်ရွက်ထားသည့် အချိန်မှစ၍ ရက်ပေါင်း (၉၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက် ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီး ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသောဆင်းကတ်များ ပိတ်သိမ်းခံရမှု မရှိစေ ရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင် များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေး ကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြ ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ငွေဆောင်မြို့၌ သစ်စိမ်းမြေသြဇာမျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်သရုပ်ပြပွဲ ပြုလုပ်



**ငွေဆောင် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ လေးမျက်နှာကျေးရွာတွင် မေ ၉ ရက် နံနက် ၈ နာရီက သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်း ကြဲပက်ပွဲ ကျင်းပခဲ့ပြီး သရုပ်ပြကြဲပက်ပွဲ ကိုဒေသခံတောင်သူ ဦးဝင်းနိုင်၏လယ်မြေ ၁၀ ဧကတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေး ဦးစီးဌာန တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးသန်းအောင်ဆန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ငွေဆောင်မြို့ သလပ်ခွာ၊ လေးမျက်နှာ၊ ကွေ၊ ကြက်တူရွေး၊ မဒေါ့ကုန်း၊ အလယ်ရွာ အစရှိသည့် ကျေးရွာအုပ်စု ခြောက်စုမှ တောင်သူ ၇၀ တက်ရောက်ကြသည်။ အခမ်းအနားတွင် တာဝန်ရှိသူများက သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထည့်သွင်းအသုံးပြုခြင်း ဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ရှင်းလင်းဆွေးနွေးပြီး မျိုးစေ့ပေးအပ်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ နှင့် တောင်သူများက လယ်မြေ ၁၀ ဧက တွင် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်မျိုးစေ့ချခြင်းကို ဆောင်ရွက် ကြကြောင်း သိရသည်။

**ငွေဆောင်(ပြန်/ဆက်)**

## ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်နှင့် ဆီ ဖြန့်ဖြူးရောင်းချ

**ဘားအံ မေ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ သက်သာ ချောင်ချိရေးအတွက် ပြည်နယ်အစိုးရ အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ကရင် ပြည်နယ် သမဝါယမဦးစီးဌာန အစီအစဉ် ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် ရယူဆောင်ရွက် လျက်ရှိသော ဘားအံမြို့နယ်ရှိ ဆန်စက် လုပ်ငန်းရှင်များ၊ သမဝါယမအသင်းနှင့် ဆီစက်လုပ်ငန်းရှင်များ၊ သမဝါယမ အသင်းတို့က ဒေသတွင်းထုတ်လုပ်သည့် ဆန်နှင့် ဆီများကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် မတ်လမှ စတင်၍ လဆိုင်းစနစ်ဖြင့် ရောင်းချပေး ခဲ့သည်။



ကရင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာ ၁၆ ခုရှိ ဝန်ထမ်းများအား ဆန် ၁၉၃ အိတ် နှင့် မြေပဲဆီပိဿာ ၁၄၀ တို့ကို မေ ၉ ရက် မှ ၁၁ ရက်အထိ ဖြန့်ဖြူးရောင်းချပေးပြီး ဝန်ထမ်းများ သက်သာချောင်ချိရေး အတွက် စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချ ပေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – | ဦးစိုးစိုးနိုင် | **အကြီးတန်း** | – | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | – | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | – | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | **သုတေသန** | – | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – | ဦးနိုင်လင်းကြည်၊ | **စာပြင်** | – | ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | – | ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေး ကျင်းပစဉ်။

- **မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ဆန်နှင့်ရိက္ခာများကို ကြိုတင်စုဆောင်းထားရှိပြီး အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရေး တပ်မတော်လေယာဉ်များ၊ ရေယာဉ်များ၊ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်၍ အသင့်ပြင်ဆင်ထား**
- **အရေးပေါ် ရိက္ခာဖြန့်ဝေရာတွင် လျင်မြန်ထိရောက်မှုရှိစေရေး ရိက္ခာများ ဖြန့်ဖြူးပေးမှု အဆင်ပြေစေရေး ထုပ်ပိုးမှုများကို လွယ်ကူစွာသယ်ဆောင်နိုင်သည့် ထုပ်ပိုးမှုများဖြစ်အောင် ပြင်ဆင်ထား**
- **မုန်တိုင်းဒဏ်ထိခိုက်သည့်ဒေသများ၌ ပြင်ဆင်မှုများ ဆောင်ရွက်ပေးရာတွင် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးရမည်**

☆ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်းနှင့် ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## မုန်တိုင်းဖြစ်ပေါ်လျက်ရှိမှုနှင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လျက်ရှိမှု

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းကြောင့် မိုခါမုန်တိုင်းတိုက်ခတ်မှုဖြစ်ပေါ်လျက်ရှိပြီး အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ပြောင်းလဲလာမှု၊ မုန်တိုင်းလမ်းကြောင်းဖြတ်သန်းမှုတစ်လျှောက်တွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့မှု၊ မိမိတို့နိုင်ငံအတွင်းသို့ မုန်တိုင်းဝင်ရောက်နိုင်သည့် လမ်းကြောင်းနှင့် လေတိုက်နှုန်းမြင့်တက်လာမှုကြောင့် ရခိုင်ကမ်းရိုးတန်းသို့ ခန့်မှန်းအချိန်ထက် နာရီပိုင်းစော၍ ဝင်ရောက်လာနိုင်မှု၊ ထိခိုက်မှုများဖြစ်ပေါ်နိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှစ၍ မုန်တိုင်းသတိပေးချက်များကို ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခန့်မှန်းချက်များအရ မြန်မာ့ကမ်းရိုးတန်းသို့ မုန်တိုင်းဝင်ရောက်ရန် ဖြစ်နိုင်ခြေမြင့်တက်လာ၍ လွန်ခဲ့သည့် ၃ ရက်ခန့်ကတည်းက အနီရောင်အဆင့် မုန်တိုင်းသတိပေးချက်ကို ဆောလျင်စွာထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်ရန် လိုအပ်ချက်များကို ဆောလျင်စွာပြင်ဆင်စေခဲ့ကြောင်း၊ ကမ်းရိုးတန်းဒေသများတွင်သာမက ကုန်းတွင်းသို့ မုန်တိုင်းဝင်ရောက်ပြီး မုန်တိုင်းဖြတ်သန်းရာ ဒေသများ၌လည်း ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မုန်တိုင်းဝင်ရောက်နိုင်သည့်ဒေသများတွင် မိုးရွာသွန်းမှုများ ပိုမိုများပြားနိုင်သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် မုန်တိုင်းဒဏ်သင့်ဒေသများတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

- **ကမ်းရိုးတန်းဒေသများတွင်သာမက ကုန်းတွင်းသို့ မုန်တိုင်းဝင်ရောက်ပြီး မုန်တိုင်းဖြတ်သန်းရာ ဒေသများ၌လည်း ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ရမည်**
- **မုန်တိုင်းဒဏ်သင့်ဒေသများတွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထား**

## နိုင်ငံတော်နှင့် တပ်မတော်မှ ဆန်နှင့်ရိက္ခာများ ကြိုတင်စုဆောင်းထားရှိမှု

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းတို့က မုန်တိုင်းဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပွားခဲ့သည့် ဒေသများသို့ ပေးပို့နိုင်ရေးအတွက် အရန်ဆန်များ ဒေသအလိုက် ကြိုတင်စုဆောင်းထားရှိမှု၊ တပ်မတော်မှရိက္ခာများနှင့် အမိုးသွပ်များ ကြိုတင်စုဆောင်းထားရှိမှု၊ ခေါက်ဆွဲခြောက်နှင့် ရိက္ခာခြောက်များ၊ စားသုံးဆီများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိစေတီပုထိုးများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းကွမ်းများ အဆင်ပြေစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ဆန်နှင့်ရိက္ခာများကို ကြိုတင်စုဆောင်းထားရှိပြီး အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရေး တပ်မတော်လေယာဉ်များ၊ ရေယာဉ်များ၊ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်၍ အသင့်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ ယနေ့မှစ၍ ယာဉ်တင်အသင့်ဆောင်ရွက်မှုကို စတင်ပြုလုပ်ထားရန်လိုကြောင်း၊ အရေးပေါ်ရိက္ခာဖြန့်ဝေရာတွင် လျင်မြန်ထိရောက်မှုရှိစေရေး ရိက္ခာများဖြန့်ဖြူးပေးမှု အဆင်ပြေစေရေးထုပ်ပိုးမှုများကို လွယ်ကူစွာသယ်ဆောင်နိုင်သည့် ထုပ်ပိုးမှုများဖြစ်အောင် ပြင်ဆင်ထားရန်လိုကြောင်း၊ အလားတူ ဘုန်းတော်ကြီးကျောင်းများသည် မြို့၊ ရွာများ၏ အစွန်းအဖျားနေရာများတွင် တည်ရှိကြခြင်းကြောင့် လေပြင်းများ တိုက်ခတ်ပြီး ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါက ပြင်ဆင်ပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မုန်တိုင်းဒဏ်ထိခိုက်သည့် ဒေသများ၌ ပြင်ဆင်မှုများ ဆောင်ရွက်ပေးရာတွင် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။ အလားတူ သံဃာတော်များနှင့် သီလရှင်များအတွက် သင်္ကန်းများနှင့် သီလရှင်ဝတ်စုံများ၊ ဆွမ်းဆန်တော်များကို ကြိုတင်စုဆောင်းထားရန်နှင့် လိုအပ်သည့်အချိန်တွင် အသင့်ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီပုထိုးများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း မှာကြားသည်။

## ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှု

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက တပ်မတော်မှဆေးဝါးများနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်မှုဖြစ်ပွားခဲ့သည့် ဒေသများရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ဆေးဝါးများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့များကို ကြိုတင်ဖွဲ့စည်းဆောင်ရွက်ထားရန်လိုသကဲ့သို့ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်များကိုလည်း ယနေ့မှစတင်၍ အသင့်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ ၎င်းရေယာဉ်များအပေါ်၌ အရေးပေါ်စားရေရိက္ခာများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း အသင့်တင်ဆောင်ထားရှိရန်လိုကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့များ ဖွဲ့စည်းစေလွှတ်ရာတွင် မုန်တိုင်းဒဏ်၊ ရေလွှမ်းမိုးမှုဒဏ်တို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲရောဂါများကို ကုသပေးနိုင်ရေး ဖွဲ့စည်းစေလွှတ်ရန်လိုကြောင်း မှာကြားသည်။

## ပြောင်းရွှေ့ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ကြိုတင်ဖွဲ့စည်း

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဇော်နိုင်ဦးတို့က အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီပို့ဆောင်နိုင်ရေး လေယာဉ်၊ ရဟတ်ယာဉ်များ အသင့်ပြင်ဆင်ထားရှိမှု၊ လေယာဉ်၊ ရဟတ်ယာဉ်များ၏ စွမ်းဆောင်နိုင်မှုနှင့်လိုအပ်ချက်များ၊ မုန်တိုင်းဒဏ်ကြောင့် **စာမျက်နှာ ၄ သို့ ☆**

- ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ အရေးပေါ်သုံးပစ္စည်းများ၊ စားနပ်ရိက္ခာပစ္စည်းများကို လျှင်မြန်ထိရောက်စွာ ပို့ဆောင်နိုင်ရေး လေယာဉ်ယာဉ်ပေါ် အသင့်၊ ရေယာဉ် ယာဉ်ပေါ်အသင့်၊ မော်တော်ယာဉ် ယာဉ်ပေါ်အသင့် ဖြစ်စေရေး ကြိုတင်ဆောင်ရွက်ထား
- မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မှ ကျန်ရှိမှုမရှိစေရေး ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာကျော်လွှားနိုင်ရေး မိမိကိုယ်တိုင် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

☆ စာမျက်နှာ ၃ မှ

ထိခိုက်ခဲ့သည့်ဒေသများတွင် ပြောင်းရွှေ့ရေးလုပ်ငန်းများဆောင်ရွက်ရန် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့များ၊ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ဝင်များ ပါဝင်သည့် မော်တော်ယာဉ်အစုအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းထားရှိပြီး စေလွှတ်ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန်အတွက် အရေးပေါ်သုံး၊ စစ်သုံးဘေလီတံတားများ ကြိုတင်ပြင်ဆင်စုဖွဲ့ထားရှိမှု၊ အရေးပေါ်ရဟတ်ယာဉ်ကွင်းများ တည်ဆောက်နိုင်ရေး Helipad များ ပြင်ဆင်ပို့ဆောင်ထားရှိမှု၊ ရေသန့်ယာဉ်များ၊ မီးစက်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းတိုက်ခတ်နေချိန်အတွင်း လေယာဉ်၊ ရဟတ်ယာဉ်များ ပျံသန်းခြင်းမပြုလုပ်နိုင်သော်လည်း မုန်တိုင်းဝင်ရောက်ပြီးချိန်တွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်နိုင်ရေး စစ်တွေလေယာဉ်ကွင်းအား ညအချိန်တွင်ပါ ဆင်းသက်နိုင်ရန် ပြေးလမ်းမီးများအပါအဝင် အခြားလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန် လိုကြောင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေးယာဉ်အစုအဖွဲ့ ၁၀ ဖွဲ့အပြင် အဖွဲ့ နှစ်ဖွဲ့ကိုလည်း ထပ်မံဖွဲ့စည်းထားရှိရန် လိုကြောင်း၊ လိုအပ်သည့်နေရာသို့ လိုအပ်သည့်အချိန်တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများ အချိန်မီပို့ဆောင်နိုင်ရေး ကြိုတင်တွက်ချက်ဆောင်ရွက်ထားရန်လိုကြောင်း မှာကြားသည်။

### အချိန်နှင့်တစ်ပြေးညီ သတင်းများရရှိရေး (Real Time Information)နှင့် ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းတို့က ဒေသအလိုက်ဖြစ်ပွားနေသည့် မုန်တိုင်းနှင့်သက်ဆိုင်သည့် အခြေအနေများကို အမြဲမပြတ်သတင်းရရှိရေးနှင့် ထုတ်လွှင့်နိုင်ရေး ကျောပိုးဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်နေမှု၊ မုန်တိုင်းအသိပေးချက်နှင့် သတိပေးချက်များ၊ အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲလျက်ရှိသည့် မုန်တိုင်းသတင်းများနှင့်ပတ်သက်၍ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ရုပ်မြင်သံကြားအစီအစဉ်များ၊ ရေဒီယိုအသံလွှင့်အစီအစဉ်များနှင့် Website များ၌ အမြဲမပြတ် ထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဝင်ရောက်နိုင်သည့် ကမ်းရိုးတန်းဒေသများ ပါမက မုန်တိုင်းသက်ရောက်နိုင်သည့် ကုန်းတွင်းပိုင်းဒေသများသည်လည်း ရေကြီးခြင်း၊ မြေပြိုခြင်း စသည့် အန္တရာယ်များအတွက် သတိမူစေရေး လှုံ့ဆော်ပြန်ကြားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မုန်တိုင်းသတိပေးချက်လှုံ့ဆော်မှုများကို မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေဘဲ သိရှိစေရေး နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတင်းများ အချိန်နှင့်တစ်ပြေးညီ ရရှိရေးအတွက်လည်း ဆောင်ရွက်နေရန်လိုကြောင်း။

### သဘာဝဘေးဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု

ယင်းနောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မုန်တိုင်းဒဏ်ကြောင့်ဖြစ်ပွားမည့် သဘာဝဘေးဒဏ်သင့်ဒေသများတွင် သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ (AHA Center)နှင့် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

### နိုင်ငံသူ၊ နိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေဘဲ ကာကွယ်ကူညီစောင့်ရှောက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တပ်မတော်အရာရှိကြီးများကို တစ်ဦးချင်းလိုအပ်ချက်များ၊ အကြံပြုချက်များကို မေးမြန်းပြီး ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာပစ္စည်းများကို လျင်မြန်ထိရောက်စွာပို့ဆောင်နိုင်ရေး လေယာဉ်ယာဉ်ပေါ် အသင့်၊ ရေယာဉ် ယာဉ်ပေါ်အသင့်၊ မော်တော်ယာဉ် ယာဉ်ပေါ်အသင့်ဖြစ်စေရေး ကြိုတင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များ အားလုံးတက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရှိမှုမရှိစေရေး ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာကျော်လွှားနိုင်ရေး မိမိကိုယ်တိုင် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- မုန်တိုင်းတိုက်ခတ်နေချိန်အတွင်း လေယာဉ်၊ ရဟတ်ယာဉ်များ ပျံသန်းခြင်းမပြုလုပ်နိုင်သော်လည်း မုန်တိုင်းဝင်ရောက်ပြီးချိန်တွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်နိုင်ရေး စစ်တွေလေယာဉ်ကွင်းအား ညအချိန်တွင်ပါ ဆင်းသက်နိုင်ရန် ပြေးလမ်းမီးများအပါအဝင် အခြားလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန်လို
- မုန်တိုင်းသတိပေးချက် လှုံ့ဆော်မှုများကို မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေဘဲ သိရှိစေရေး နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်သွားရမည်၊ သတင်းများအချိန်နှင့် တစ်ပြေးညီရရှိရေးအတွက်လည်း ဆောင်ရွက်

## မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် မေ ၁၄**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိသင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိသည့် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံရေတပ်စခန်းဌာနချုပ်ရှိ မော်လမြိုင်သင်တန်းစခန်း၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar တို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် မေ ၁၄

မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့က ကြီးမှူးကျင်းပသည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမျိုးသား ကဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတု အထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန် ဆက်ဆံခြင်း (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်နေ့၌ပင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုအခါ (၇၅)နှစ်မြောက် စိန်ရတုတိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ရှည်လျားသည့် နယ်နိမိတ်ထိစပ်မှုအပြင် သံတမန်ဆက်ဆံရေး မထူထောင်မီ ရာစုနှစ်ပေါင်းများစွာကပင် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ဆက်နွယ်မှုသမိုင်းကြောင်း အစဉ်အလာများ ရှိခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှု ဆက်ဆံရေးသည် အသောကမင်းကြီးလက်ထက်ကပင် ရှိခဲ့သည်ဟု မှတ်တမ်းမှတ်ရာများအရ သိရှိရပါကြောင်း၊ အသောကမင်းတရားကြီးသည် တတိယသင်္ဂါယနာတင်ပွဲအပြီးတွင် ကိုးတိုင်း၊ ကိုးခရိုင်ဌာနသို့ သာသနာပြုများကို စေလွှတ်ခဲ့ပြီး အဆိုပါကာလသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်သွယ်မှု အစပျိုးသည့်ကာလဟု ဆိုနိုင်ပါကြောင်း၊ ထို့ပြင် သရေခေတ္တရာခေတ်က နှစ်နိုင်ငံဆက်သွယ်မှုပြုခဲ့သည့် အထောက်အထားများကိုလည်း တွေ့ရှိခဲ့သည်ဟု မှတ်သားမိပါကြောင်း၊ ပုဂံခေတ်ရောက်သည့်အချိန်တွင် နှစ်နိုင်ငံ ဆက်သွယ်မှုသည် ပိုမိုတိုးတက်လာခဲ့ပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးကို ရေရှည်ခိုင်မြဲစေသည့် အဓိကအကြောင်းရင်းများထဲတွင် ဗြိတိသျှကိုလိုနီနယ်ချဲ့ လက်အောက်ခံဘဝကျရောက်ခဲ့သည်များ၊ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းအားထုတ်ခဲ့ကြမှုများ၊ ဗြိတိသျှနယ်ချဲ့များသည် မြန်မာဘုရင်နောက်ဆုံးမင်းဆက် သီပေါမင်းကို မန္တလေးရတနာပုံနေပြည်တော်မှ ဖမ်းဆီးခေါ်ဆောင်သွားပြီး အိန္ဒိယနိုင်ငံရတနာဂီရိတွင် ထားရှိခဲ့ရာမှ အဆိုပါနေရာမှာပင် ကံတော်ကုန်ခဲ့ရသကဲ့သို့ အိန္ဒိယနိုင်ငံ၏ နောက်ဆုံး မဂိုဘုရင် ဇဖာရှားကို မြန်မာနိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်လာခဲ့ပြီး ရန်ကုန်မြို့မှာပင် ကွယ်လွန်သွားခဲ့သည်များ စသည့် နိုင်ငံရေးနောက်ခံသမိုင်းကြောင်းများ၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတွင် မြန်မာဘုန်းတော်ကြီးကျောင်းများ တည်ရှိနေမှုနှင့် မြန်မာနိုင်ငံသားထဲမှ ဗုဒ္ဓဘာသာဝင်များ ဘာသာရေးခရီးအဖြစ် စဉ်ဆက်မပြတ် သွားရောက်ဖူးမြော်ကြည်ညိုနေကြသည်များ၊ လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံများဖြစ်နေခြင်းများ အပါအဝင်ဖြစ်ပါကြောင်း။

**တူညီမှုများစွာရှိ**

ထိုသို့နှစ်နိုင်ငံအကြား နှစ်ပေါင်းထောင်ချီသည့် ကာလကတည်းက ကိုးကွယ်ယုံကြည်မှု ဘာသာတရားအရလည်းကောင်း၊ အတန်အသင့်တူညီမှုရှိသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရလည်းကောင်း၊ စာပေအပါအဝင် အနုသုခုမပညာရပ်များအရ လည်းကောင်း၊ ဗိသုကာဆိုင်ရာ အဆောက်အအုံပညာရပ်များအရလည်းကောင်း၊ စားရေရိက္ခာ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအရလည်းကောင်း အပြန်အလှန်ကူးလူးဆက်ဆံမှုများရှိခဲ့ကြသည့် အကျိုးဆက်များမှာ အသုံးအဆောင်ပစ္စည်း၊ အစားအစာနှင့် ဝတ်စားဆင်ယင်မှုများတွင် အသုံးအနှုန်း အခေါ်အဝေါ်များမှာ တူညီမှုများစွာရှိနေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

အလွယ်တကူ ဥပမာပြရမည်ဆိုပါက အသုံးအဆောင်များဖြစ်သည့် လန်ချား၊ ဘာဂီ၊ ချယ်ဂါရီ၊ ပန်ကာ၊ ပိုက်ဆံ၊ ဘူတာတို့ကို မြန်မာစကားအဖြစ် တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြသည်ကို တွေ့ရမည်ဖြစ်သလို မြန်မာများ နှစ်နှစ်ခြိုက်ခြိုက်စားသုံးနေသော အိန္ဒိယအစားအစာများဖြစ်ကြသည့် စမူဆာ၊ ချာပါတီ၊ တိုရှေ၊ ပလာတာ၊

စာမျက်နှာ ၆ သို့ ◯





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

○ စာမျက်နှာ ၅ မှ

မဆလာ၊ ပူရီ စသည်များကိုလည်း မြန်မာများ၏ နေ့စဉ်သုံးဝေါဟာရများတွင် အကျွမ်းတဝင် ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ မိမိတို့ ဝတ်ဆင်နေသည့် ပုဆိုးကို လုံချည်လို့ သုံးနှုန်းနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

**နှစ်နိုင်ငံဆက်ဆံရေးတွင် လွန်စွာအရေးပါ**

မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံလုံးသည် ဗြိတိသျှကိုလိုနီလက်အောက်ခံဖြစ်ခဲ့ရပြီး ကိုလိုနီလက်အောက်ခံဘဝက လွတ်မြောက်ရန် ကြိုးပမ်းကြရာတွင်လည်း နှစ်နိုင်ငံခေါင်းဆောင် အချင်းချင်း အပြန်အလှန် ဆက်သွယ်မှုရှိခဲ့ခြင်းများ၊ အတူတကွ တိုက်ပွဲဝင်ခဲ့ကြသည့် သမိုင်းကြောင်းများကလည်း နှစ်နိုင်ငံဆက်ဆံရေးတွင် လွန်စွာအရေးပါခဲ့ပါကြောင်း၊ မိမိတို့၏ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်၊ လွတ်လပ်ရေး၏ ဗိသုကာဖခင်ကြီးလည်းဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အိန္ဒိယနိုင်ငံ အမျိုးသားခေါင်းဆောင် ပဏ္ဍစ်ဂျဝါဟာလာနေရူးတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားချစ်ခင်မှုရှိကြသည့် ခေါင်းဆောင်ကြီးများဖြစ်ကြပါကြောင်း၊ မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသည့် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရန်အတွက် အင်္ဂလန်သို့ မသွားရောက်မီ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ခေါင်းဆောင်နှစ်ဦး တွေ့ဆုံညှိနှိုင်းမှုလုပ်ခဲ့ကြမှုများ၊ မြန်မာ့လွတ်လပ်ရေးအတွက် စိတ်စောနေသည့် ဗိုလ်ချုပ်အောင်ဆန်းကို အင်္ဂလန်၏ရာသီဥတုဒဏ်ခံနိုင်ရန် နေရူးက ၎င်း၏ကုတ်အင်္ကျီကို ပေးခဲ့ခြင်းများက ၎င်းတို့ နှစ်ဦးကြား ခိုင်မြဲသည့်ချစ်ခင်ရင်းနှီးမှုနှင့် သံယောဇဉ်တရားတို့ကို ဖော်ကျူးနေခြင်းပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ သမိုင်းနောက်ခံအရရော၊ ပထဝီဝင်အနေအထားအရပါ တူညီသည့် သဘောသဘာဝ များစွာရှိသည့်အပြင် နှစ်နိုင်ငံ ခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုများနှင့်အတူ ကုန်သွယ်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး ပြည်သူအချင်းချင်း ထိတွေ့မှုရှိခြင်းများကလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နှစ်ထောင်ချီခဲ့သည့် သမိုင်းကြောင်းရှိခဲ့သည့်အပြင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလ၌ တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအတွင်း အိန္ဒိယနိုင်ငံက လက်နက်အကူအညီပေးခဲ့မှုများ၊ ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံကို ကူမင်တန်များ ကျူးကျော်လာခဲ့စဉ်က အိန္ဒိယဝန်ကြီးချုပ် နေရူးသည် မြန်မာနိုင်ငံဘက်က အပြည့်အဝရပ်တည်ပေးခဲ့မှုများ၊ မြန်မာနိုင်ငံက ကူမင်တန်ကျူးကျော်မှုကို ကုလသမဂ္ဂသို့ ကန့်ကွက်စာတင်ခဲ့စဉ်ကလည်း အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံဘက်မှ အားတက်သရောထောက်ခံပေးခဲ့မှုများက မိမိတို့ မည်သည့်အခါမှ မေ့ပျောက်၍ မရနိုင်သည့် ကျေးဇူးတရားများ ဖြစ်ပါကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်မှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကို အခြေခံပြီး ပိုမိုချစ်ခင်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသကဲ့သို့ ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များနှင့်လည်း နှစ်နိုင်ငံကြားဆက်ဆံရေးကို ပိုမိုတိုးတက် ကောင်းမွန်လာအောင် တည်ဆောက်နိုင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၅၁ ခုနှစ် ဇူလိုင် ၇ ရက်တွင် "ငြိမ်းချမ်းရေးနဲ့ ချစ်ကြည်ရေးစာချုပ်" (Treaty of Peace and Friendship) ကို ချုပ်ဆိုခဲ့ကြပါကြောင်း၊ အဆိုပါစာချုပ်အရ "နှစ်နိုင်ငံကြား ထာဝရတည်မြဲသော ငြိမ်းချမ်းရေးနဲ့ မပြောင်းလဲသော ချစ်ကြည်ရေး" ကို တည်ဆောက်နိုင်ခဲ့ကြပါကြောင်း၊ ၁၉၅၄ ခုနှစ် ဧပြီလတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပခဲ့သည့် ကိုလံဘိုညီလာခံတွင် မြန်မာဝန်ကြီးချုပ် ဦးနုနှင့် အိန္ဒိယဝန်ကြီးချုပ် နေရူးတို့သည် သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်တို့နှင့်အတူ တက်ရောက်ခဲ့ပြီး ကက်ရှ်မီးယားအရေးနှင့်ပတ်သက်၍ အိန္ဒိယနှင့် ပါကစ္စတန်တို့၏ ပဋိပက္ခဖြစ်ပွားမှုကို မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနု၏ ကြိုးပမ်းမှုနှင့် ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပါကြောင်း။

၁၉၅၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ကျင်းပခဲ့သည့် ဘန်ဒေါင်းညီလာခံတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက် (Five Principles of Peaceful Coexistence)" ချမှတ်ရာတွင် အတူတကွ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံတွင် ၁၉၅၄ ခုနှစ် စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရစဉ်အချိန်၌ အိန္ဒိယနိုင်ငံက မိတ်ဆွေကောင်းပီသစွာဖြင့် ဆန်တန်ချိန် ကိုးသိန်း ရောင်းချပေးခဲ့သည်ကိုလည်း မိမိတို့မြန်မာများ ရင်ထဲတွင် အမြဲအမှတ်တရရှိနေသည်ကို ပြောကြားလိုပါကြောင်း။

၁၉၇၀ ပြည့်နှစ်တွင် မြန်မာ-အိန္ဒိယ ကုန်သွယ်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက်ပိုင်း နှစ်နိုင်ငံကုန်သွယ်မှုသည် တဖြည်းဖြည်းတိုးတက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်ပြီး အခုအခါ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ ပဉ္စမမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ၊ ပို့ကုန်တင်ပို့မှုတွင် စတုတ္ထမြောက်နှင့် သွင်းကုန်တင်သွင်းမှုမှာ ဆဋ္ဌမမြောက်အများဆုံးနိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ပဲနှင့် အခြားထွက်ကုန်များ အိန္ဒိယကို တင်ပို့နေခြင်းဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံကို ဆေးဝါးနှင့် စက်မှုပစ္စည်းများ တင်သွင်းမှုအပြင် နည်းပညာအထောက်အပံ့များလည်း ပေးအပ်လျက်ရှိပါကြောင်း။

လူမှုရေးအကူအညီများအဖြစ် ၂၀၁၆ ခုနှစ်တွင် ငလျင်ဒဏ်ခံခဲ့ရသည့် ပုဂံဘုရားများကို ပြုပြင်ရာတွင် အိန္ဒိယအစိုးရက လှူဒါန်းမှုများ ပြုလုပ်ခဲ့သကဲ့သို့ လက်ရှိကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးအတွက် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Covishield (၁၃ ဒသမ ၄) သန်းကို ရောင်းချပေးသည့်အပြင် Sasakawa ဖောင်ဒေးရှင်းက Covaxin နှစ်သန်းနှင့် အိန္ဒိယအစိုးရက Covaxin တစ်သန်းတို့ကို မိတ်ဆွေကောင်းပီသစွာ ပေးအပ်လှူဒါန်းခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိသည်ကို မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ထို့ပြင် နှစ်နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးမှုလုပ်ငန်းများဖြစ်သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမစီမံကိန်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းသည် ကုလားတန်မြစ်ကြောင်းတစ်လျှောက် စစ်တွေဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသ မီဇိုရမ်ပြည်နယ်အထိ ဆက်သွယ်ပေးမည် ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်မှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာနိုင်သည့်အပြင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စီမံကိန်းတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ ကုလားတန်စီမံကိန်းတွင် ပါဝင်သည့် စစ်တွေဆိပ်ကမ်းကိုအခြေပြုပြီး စစ်တွေအထူးစီးပွားရေးဇုန်တစ်ခုလည်း ပေါ်ပေါက်လာမည့် အလားအလာကောင်းများ ရှိနေပြီဖြစ်ပါကြောင်း။

အလားတူ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စွမ်းအင်၊ အစားအစာနှင့် အဝတ်အထည်ချုပ်လုပ်ငန်းများ၊ နည်းပညာ၊ ကျန်းမာရေး၊ ပညာရေးနှင့် ကျွမ်းကျင်မှုသင်တန်း၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းတို့အပေါ်တွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ စိတ်ဝင်စားမှု ထပ်တူညီသည့်အတွက် နှစ်နိုင်ငံပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

ထိုကဲ့သို့ မိမိတို့နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေးကာလ (၇၅)နှစ်တာအတွင်း အိန္ဒိယနိုင်ငံ၏ ခေါင်းဆောင်ကြီးများဖြစ်သည့် ဝန်ကြီးချုပ် နေရူး လက်ထက်မှ အစပြုပြီး အင်ဒီယာဂန္ဒီ၊ ရာဂျစ်ဂန္ဒီ၊ မန်မိုဟန်ဆင်း၊ နာရန်ဒရာမိုဒီ စသည့် ခေါင်းဆောင်များနှင့် မိမိတို့ မြန်မာနိုင်ငံ နိုင်ငံရေးဘက်မှ ခေါင်းဆောင်များ၊ တပ်မတော်ဘက်မှ မိမိအပါအဝင် ခေါင်းဆောင်များသည် အစဉ်အလာမပျက် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံပူးပေါင်း လက်တွဲဆောင်ရွက်နိုင်ခဲ့မှုများ၊ ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်မှုများမှ နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းမှုများစွာ ရရှိစေခဲ့သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ လက်ရှိအိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ (Narendra Modi) လက်ထက်တွင် မြန်မာနှင့် အိန္ဒိယ၏ ဆက်ဆံရေးသည် သမိုင်းတစ်လျှောက် အရေးပါဆုံး အနေအထားတစ်ရပ်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

ချစ်ကြည်ရင်းနှီးမှု၊ ကောင်းမွန်သည့် ဆက်ဆံပေါင်းသင်းမှုများ အစဉ်အဆက်ရှိခဲ့ကြသည်ကို ပြန်ကြည့်မည်ဆိုပါက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာ ဆက်ဆံခဲ့ကြသောကြောင့်ပင်ဖြစ်ပါကြောင်း။

လက်ရှိ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေစဉ်မှာလည်း ခေတ်အဆက်ဆက်က အစဉ်တစိုက် ကျင့်သုံးခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဆောင်ရွက်နိုင်မှုများကြောင့် နှစ်နိုင်ငံအကြား ဘက်စုံ၊ ကဏ္ဍစုံအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးတက်သည်ထက်တိုးတက်အောင်၊ ပိုမိုခိုင်မာသည်ထက်ခိုင်မာအောင်အကောင်းဆုံးကြိုးပမ်းဆောင်ရွက်နေတာကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၇ သို့ ○**

**❖ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်မှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကို အခြေခံပြီး ပိုမိုချစ်ခင်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသကဲ့သို့ ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များနှင့်လည်း နှစ်နိုင်ငံကြားဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် တည်ဆောက်နိုင်ခဲ့ကြသည်ကို တွေ့ရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar တို့ အခမ်းအနားတက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

○ စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှ သုံးခုလုံး၏ ဆုံရာအရပ်တွင် တည်ရှိနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်ကတည်းက အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ ကြွေးကြော်ခဲ့သည့် အိန္ဒိယနိုင်ငံ၏ "အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ" အရ အရှေ့တောင်အာရှဒေသနှင့် ကူးလူးဆက်သွယ်မှု မြှင့်တင်လိုသည့် အိန္ဒိယနိုင်ငံအတွက် မဟာဗျူဟာအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံကို အရှေ့တောင်အာရှဒေသနှင့် ချိတ်ဆက်ပေးထားသည့် ကုန်းမြေတံတားလည်း ဖြစ်သည့်အတွက် အဆိုပါ ပထဝီနိုင်ငံရေးအားသာချက်ကို အပြည့်အဝအသုံးချနိုင်မည်ဆိုပါက မိမိတို့ နှစ်နိုင်ငံလုံး၏ ပြည်သူများအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

**ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေး**

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့တွင် အိန္ဒိယစင်တာကို ဖွင့်လှစ်နိုင်ခဲ့သည်မှာလည်း နှစ်နိုင်ငံကြား ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးပြယုဂ်အဖြစ်သာမကဘဲ နှစ်နိုင်ငံပြည်သူချင်း ထိတွေ့ဆက်ဆံမှုနှင့် နှစ်နိုင်ငံကြားအပြန်အလှန်နားလည်မှုများကို ပိုမိုမြှင့်တင်ခိုင်မာလာစေရေးအတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်မိပါကြောင်း။

ထို့အပြင် အိန္ဒိယ၏ "အိမ်နီးချင်း ဦးစားပေး မူဝါဒ"တို့ကို အခြေခံပြီး လုပ်ဆောင်မှုများကြောင့် မိမိတို့ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ယဉ်ကျေးမှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကလည်း နှစ်ဖက်နိုင်ငံများအတွက် ထိရောက်သည့်၊ ကောင်းမွန်သည့်၊ အကျိုးဖြစ်ထွန်းစေသည့် ရလဒ်များ ရရှိစေခဲ့သည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ပြောကြားလိုပါကြောင်း။

မြန်မာပြည်သူလူထု မျှော်မှန်းသည့် မြန်မာတိုင်းရင်းသားများ လိုလားသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကြီးကို ထူထောင်နိုင်ရေးတွင် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံက ကူညီပေးခဲ့သည်များကိုလည်း ယခုလိုအခွင့်အခါကြုံကြိုက်စဉ်မှာ မှတ်မှတ်ထင်ထင် ကျေးဇူးတင်စကား ပြောကြားလိုပါကြောင်း၊ အထင်ရှားဆုံး သာဓကမှာ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ် ကာလအတွင်း မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံကို ပညာတော်သင်စုစုပေါင်း ဖ၆၀၀ ကျော် စေလွှတ်နိုင်ခဲ့မှုသည် ထင်ရှားသည့်သက်သေ၊ ခိုင်မာသည့် မှတ်တမ်းတစ်ခုပင် ဖြစ်ပါကြောင်း။

ယခုဆိုပါက ပညာတော်သင်စေလွှတ်ခဲ့သည့် ဒေါက်တာဘွဲ့ရပုဂ္ဂိုလ်များ၊ မဟာဘွဲ့ရပုဂ္ဂိုလ်များသည် ဘာသာရေးကဏ္ဍက ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ပါဝင်နေသကဲ့သို့ နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားတွင် အရေးကြီးသည့် တာဝန်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး စသည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများတွင် ဌာနဆိုင်ရာအကြီးအကဲများအဖြစ် တာဝန်ထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ၊ ကူးလူးဆက်ဆံမှုများ၊ အပြန်အလှန် ပံ့ပိုးကူညီမှုများသည် နှစ်ကာလကြာရှည်သည်နှင့်အမျှ ပြော၍မကုန်နိုင်အောင် ရှိနေပါကြောင်း၊ ယနေ့အခမ်းအနားမှာ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်မည်ဆိုပါက နှစ်နိုင်ငံကြားရှိခဲ့သည့် သမိုင်းကြောင်းများ၊ နက်ရှိုင်းသည့် ခင်မင်မှုများ၊ အခက်အခဲနှင့် အကျပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့ရသည့် အချိန်များတွင် မိတ်ဆွေကောင်းစိတ်ဓာတ်နှင့် အတူတကွ ဖြတ်ကျော်နိုင်ခဲ့မှုများ၊ ဒီနေ့ဒီချိန်ထိတိုင်အောင်လည်း ခင်မင်ရင်းစွဲ၊ ချစ်ကြည်ရင်းစွဲတို့ကို မပျောက်ပျက်အောင် ခေတ်အဆက်ဆက်သော နှစ်နိုင်ငံခေါင်းဆောင်များက အမြော်အမြင်ကြီးကြီးဖြင့် ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ထားနိုင်မှုများကို အထင်အရှား တွေ့ရမည်ဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာကြီးကိုကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံအချို့သည် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံငယ်များ၏ ပြည်တွင်းရေးများကို ခေါင်းစဉ်အမျိုးမျိုး၊ အကြောင်းအရာအဖုံဖုံနှင့် နည်းလမ်းမျိုးစုံသုံးပြီး ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကို အခြေခံကာ ဝင်ရောက် စွက်ဖက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါအရာရောက်မှုများကြောင့် ၎င်းတို့အလိုကျပုံဖော်ဆောင်ရွက်နိုင်ရေး၊ ၎င်းတို့၏ ရုပ်သေး၊ ၎င်းတို့၏ ဩဇာခံဖြစ်စေရေး၊ ၎င်းတို့အလိုကျပုံဖော်နိုင်ရေး ဖိအားပေးအကျပ်ကိုင်မှုများ၊ အပြစ်ရှာဝေဖန်တိုက်ခိုက်မှုများ၊ ပိတ်ဆို့အရေးယူမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်နေမှုများကြားမှ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဟု ခံယူပြီးအခက်အခဲများ၊ အကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားနေရသည့်အချိန်တွင် မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်းများ၏ စစ်မှန်သည့် စိတ်သဘောထားများနှင့် ကူညီအားပေးမှုများသည် မိမိတို့ ပြည်သူများ၏ တစ်နည်းအားဖြင့် မိမိတို့ မြန်မာနိုင်ငံသားများအပေါ် ကြီးမားသည့်ခွန်အား ဖြစ်စေခဲ့သောကြောင့်လည်း အိန္ဒိယနိုင်ငံအပါအဝင် မိမိတို့နိုင်ငံကို အပြုသဘောဆောင်အားပေးထောက်ပံ့ ကူညီရပ်တည်ပေးနေသည့် နိုင်ငံတကာက မိတ်ဆွေများကို မြန်မာနိုင်ငံသားများကိုယ်စား အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ကြောင်းကို အမှတ်တရ ဖော်ပြလိုပါကြောင်း။



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း(၇၅)နှစ်ပြည့် အထိမ်းအမှတ် ချစ်ကြည်ရေး အမှာစကား ပြောကြားစဉ်။

မျက်မှောက်ကမ္ဘာကြီးတွင် အတူတကွတည်ရှိနေကြသည့် နိုင်ငံအားလုံး အရေးအကြီးဆုံးလိုအပ်ချက်သည် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်ပါကြောင်း၊ ၎င်းလိုအပ်ချက်များ ပြည့်စုံရန်ဆိုပါက နိုင်ငံတကာဆက်ဆံရေး ခိုင်မာအားကောင်းရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဟု မိမိတို့အနေဖြင့် အပြည့်အဝခံယူထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့်လည်း မိမိတို့ မြန်မာနိုင်ငံအနေဖြင့် မည်သို့သော စိန်ခေါ်မှုများ ရင်ဆိုင်ရသည်ပင်ဖြစ်စေ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားကို မထိခိုက်စေမည့်၊ နိုင်ငံတကာနှင့် ပေါင်းသင်းဆက်ဆံမှုကို မပျက်ယွင်းစေမည့် ကျင့်ဝတ်စည်းကမ်းများကို အလေးထားသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် ဒေသတွင်း အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကို အတိအလင်း ပြောကြားလိုပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း မိမိတို့ တာဝန်ယူစဉ်ကာလအတွင်း၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်တို့ချမှတ်ပြီး "ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဦးလည်မသုန် တစိုက်မတ်မတ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့်လည်း မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

(၇၅)နှစ်ဟူသည်မှာ အတိုင်းအတာတစ်ခုအထိ ရှည်လျားသည့်ကာလတစ်ခုဖြစ်ပါကြောင်း၊ ယင်းကာလအတွင်း ချစ်ကြည်ရင်းနှီးမှုကို အခြေခံသည့်၊ အပြန်အလှန်လေးစားမှုကို တန်ဖိုးထားသည့်၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက အသိအမှတ်ပြုသည့် ပေါင်းသင်းဆက်ဆံမှုကို ထိန်းသိမ်းနိုင်ခြင်းသည် အမှန်တကယ်ဂုဏ်ယူရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်ဝမှုရှိသည့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံရေး စိန်ရတု အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ခွင့်ရသည့်အတွက်လည်း မိမိစိတ်ထဲတွင် ကြည်နူးချမ်းမြေ့မှု၊ ကျေနပ်နှစ်သက်မှုများစွာဖြစ်ရပါကြောင်း၊ ထို့အတွက်လည်း ယခုအခမ်းအနားကို ဖြစ်မြောက်အောင် စိတ်ကောင်းစေတနာအပြည့်နှင့် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းအသီးသီးတို့ကို နိုင်ငံတော်အစိုးရကိုယ်စား အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင် ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား စိန်ရတုသံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်မှုမှသည် ရှေးယခင် အစဉ်အလာများနှင့်အညီ ပိုမိုတိုးတက်ခိုင်မြဲသည့် ရင်းနှီးချစ်ကြည်မှုကို ဆက်လက်တည်ဆောက်နိုင်ပါစေကြောင်း၊ နှစ်နိုင်ငံကြား အစိုးရ အဖွဲ့အစည်းများသာမက ပြည်သူများ အချင်းချင်းပါ ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းမှုများ တိုးတက်ပေါ်ပေါက်နိုင်ပါစေကြောင်း၊ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုမှသည် နိုင်ငံများ၏အကျိုး၊ ပြည်သူများ၏အကျိုး၊ ဒေသအကျိုးစီးပွားများ တိုးတက်မြှင့်တင်နိုင်ခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းမှု၊ သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပါစေကြောင်း၊ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲပါစေကြောင်းနှင့် မြန်မာ–အိန္ဒိယ နှစ်ပြည်ထောင်လုံး အေးချမ်းစည်ပင် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်းကို ဆန္ဒပြုဆုတောင်း ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း(၇၅)နှစ်ပြည့် အထိမ်းအမှတ် ချစ်ကြည်ရေး အမှာစကား ပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နှစ်နိုင်ငံယဉ်ကျေးမှုအဖွဲ့များ၏ နှစ်နိုင်ငံယဉ်ကျေးမှုအကပဒေသာများ၊ တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။ ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့သည် နှစ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်(အရေးပေါ်)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

- **မုန်တိုင်းဝင်ရောက်နိုင်သည့် ခန့်မှန်းနေရာများအလိုက်၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့်ကြိုတင်ပြင်ဆင်ဆောင်ရွက်စရာရှိသည်များကို ကိုးရက်ခန့် ကြိုတင်ပြင်ဆင်နိုင်ခဲ့**
- **မုန်တိုင်းလမ်းကြောင်းတစ်လျှောက်နှင့် မုန်တိုင်းအဝန်းအဝိုင်းတစ်လျှောက် ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအလိုက် လျာထားဆောင်ရွက်ကြရမည်**
- **မုန်တိုင်းအလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကော်မတီဝင်များက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည်**

* ကျောဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနသို့ရောက်ရှိရာ ဌာနမှူး ဒေါ်သီရိမောင်က အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)၏ လက်ရှိဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## နိုင်ငံအဆင့်အရေးကြီး

ဆက်လက်၍ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေး ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အရေးပေါ်အစည်းအဝေးဖြစ်ကြောင်း၊ နိုင်ငံအဆင့်အရေးကြီးသည့်အစည်းအဝေး တစ်ရပ်လည်းဖြစ်ကြောင်း၊ အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)သည် ယနေ့နံနက် ၁၁ နာရီတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းတာချက်များအရ စစ်တွေမြို့၏ အနောက်နှင့် အနောက်တောင်ဘက် မိုင် ၈၀ အကွာတွင် ရောက်ရှိနေပြီး မောင်တောဒေသနှင့် ၈၅ မိုင် အကွာတွင် ရောက်ရှိနေကြောင်း၊ လေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၁၃၀ မှ ၁၃၇ မိုင်အထိ ရှိနေကြောင်း၊ ဒီရေသည် အနည်းဆုံးပေ ၂၀ ခန့်အထိ ရောက်ရှိနိုင်သည်ကို နောက်ဆုံးအခြေအနေအဖြစ် သိရကြောင်း။

မုန်တိုင်းစက်ဝန်းအရ ပထမဆုံး ထိခိုက်နိုင်သည့် ကျောက်ဖြူ၊ သံတွဲနှင့် မာန်အောင်မြို့တို့၏ အခြေအနေများကို ကြည့်မည်ဆိုလျှင် လေငြိမ်သွားသည့် သဘောကိုတွေ့ရပြီး အပျက်အစီးအနည်းငယ်ဖြစ်ပွားခဲ့သည်ကို ယခုနောက်ဆုံး အခြေအနေအဖြစ် သိရကြောင်း၊ မိုးလေဝသပညာရှင်များက မုန်တိုင်းဗဟိုချက်သည် စစ်တွေနှင့် မောင်တောပတ်ဝန်းကျင်သို့ ညနေ ၃ နာရီတွင် ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း။

အလွန့်အလွန် အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) မစတင်မီ မေ ၆ ရက်ကတည်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ခေါ်ယူ၍ ရေးဆွဲပြီး သဘာဝဘေးအန္တရာယ် စီမံချက်များ၊ တည်မြဲအမိန့်များအပေါ်မူတည်၍ မုန်တိုင်းဝင်ရောက်နိုင်သည့် ခန့်မှန်းနေရာများအလိုက်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့် ကြိုတင်ပြင်ဆင် ဆောင်ရွက်စရာရှိသည်များကို ကိုးရက်ခန့် ကြိုတင်ပြင်ဆင်နိုင်ခဲ့ကြောင်း၊ မုန်တိုင်းအလွန်ကာလ လိုအပ်သည့် အကူအညီများနှင့် မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များအတွက် ဌာနအလိုက် ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းလမ်းကြောင်းတစ်လျှောက်နှင့် မုန်တိုင်းအဝန်းအဝိုင်းတစ်လျှောက် ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအလိုက် လျာထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မုန်တိုင်းအလွန်ကာလပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကော်မတီဝင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပုံမှန်အနေအထားသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ မုန်တိုင်းအလွန်ကာလ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပွင့်လင်းစွာရှင်းလင်းတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်ရီက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)၏ လက်ရှိဖြစ်ပေါ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းနှင့်ဒေါက်တာသက်သက်ခိုင်တို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်စုဖွဲ့ထားရှိမှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများရှိ ပြည်သူများအား သဘာဝဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေမှုများ၊ သဘာဝဘေးကျရောက်သည့် ဒေသများနှင့် ဆက်သွယ်မှုပြတ်တောက်ခြင်း မရှိစေရေး စီမံဆောင်ရွက်ထားရှိမှုများ၊ မိုးလေဝသ သတင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေမှု၊ သဘာဝဘေးကျရောက်သည့် ဒေသများသို့ ထောက်ပံ့နိုင်ရန် အရန်ဆန်ကြိုတင်ဝယ်ယူစုဆောင်းထားရှိမှုများနှင့် ဖြန့်ခွဲထားရှိမှုများ၊ ဆေးဝါး၊ အခြေခံစားသောက်ကုန်နှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်လျက်ရှိသည့် ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်လျက်ရှိသည့် ဒေသများ၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံအချို့နှင့်အာဆီယံလူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (The AHA Centre) မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ အကူအညီပေးရန် ကမ်းလှမ်းမှုအခြေအနေများ၊ မုန်တိုင်းအလွန်ကာလ စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်မည့် အစီအမံများ၊ မုန်တိုင်းနှင့်အတူ ပါရှိလာမည့် မိုးရွာသွန်းမှုများကြောင့် ရေကြီး၊ ရေလျှံမှုများဖြစ်နိုင်ခြေ၊ တောင်ကျချောင်းရေလျှံနိုင်မှုအခြေအနေ၊ မြေပြိုနိုင်မှုအခြေအနေများနှင့် ဆည်မြောင်းတမံများ အတွင်း ရေဝင်ရောက်မှုများကြောင့် ရေကျော်နိုင်မှုအခြေအနေများ၊ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့နိုင်ရေး စီမံဆောင်ရွက်မှုများ၊ သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရေးနှင့် မုန်တိုင်းလွန်ကာလ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်မည့် အစီအမံများ၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများ၊ အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်မည့် အစီအမံများ၊ မုန်တိုင်းလွန်ကာလ ပြန်လည်တည်ဆောက်ရေးနှင့်ပြည်လည်ထူထောင်ရေး၊ သယ်ယူပို့ဆောင်ရေး ယာဉ်များစုဖွဲ့ခြင်းနှင့် ဆက်သွယ်မှုပြတ်တောက်ခြင်း မရှိစေရေး၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ရန်ပုံငွေများ ထုတ်ယူသုံးစွဲနိုင်ရေးတို့ကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သဘာဝဘေးအရေးပေါ်တုံ့ပြန်မှုအတွက် ဌာနဆိုင်ရာများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများ၊ မုန်တိုင်းအန္တရာယ် အသိပညာပေး ဆောင်ရွက်မှုများ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အသင့်ပြင်ဆင်မှု၊ ကျန်းမာရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး စီမံဆောင်ရွက်ထားရှိမှု၊ အရေးပေါ်စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်း စုဆောင်းပြင်ဆင်ထားရှိမှု၊ အရန်ဆန်သိုလှောင်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ရုံးများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ကနဦးလိုအပ်ချက် စစ်တမ်းများ ကောက်ယူရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ သတင်းထုတ်ပြန်နိုင်ရေးဆောင်ရွက်ထားရှိမှု၊ တပ်မတော်(ကြည်း၊ရေ၊လေ)တို့မှ ကူညီကယ်ဆယ်ရေးယာဉ်များ စုဖွဲ့ပြင်ဆင်ထားရှိမှုများနှင့် စေလွှတ်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)နှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**


ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။


စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်စဉ်။

# ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော် မေ ၁၄**

ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ မြို့နယ်မီးသတ်ရုံး၊ နယ်မြေခံတပ်များနှင့် နယ်မြေခံတပ်မတော်ဆေးရုံတို့၌ နယ်မြေခံတပ်မတော်သားများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များကို ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြရာ ယင်းသို့ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်နေမှုများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတနော်မြို့နယ်၌ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

**ပန်းတနော် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ သဘာဝဘေးအန္တရာယ်၊ မုန်တိုင်းဘေးအန္တရာယ် ကြုံတွေ့လာပါက ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ အရေးပေါ်လူနာထားရှိရန်ပြင်ဆင်ထားမှု၊ ဆေးဝါးများသိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်သဘာဝဘေးကြပ်ကဲမှုအဖွဲ့ရုံး၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့အနေဖြင့် အချိန်မရွေးသွားရောက်နိုင်ရေး ယာဉ်၊ စက်သုံးဆီ၊ လူ၊ ကယ်ဆယ်ရေးပစ္စည်းများ အသင့်ဆောင်ရွက်ထားရှိမှုနှင့် စား၊ ရေ၊ ရိက္ခာ၊ ဆေးဝါးများ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အင်းမတိုက်နယ်ဆေးရုံသို့ရောက်ရှိ၍ ဆေးဝါးများသိုလှောင်ထားရှိမှုအခြေအနေများကို စစ်ဆေးပြီး ဆေးဝါးများ မိုး၊ လေဒဏ်ဘေးမှ လွတ်ကင်းအောင်ထားရန်၊ အရေးပေါ်လူနာများရောက်ရှိပါက ဆေးကုသနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်တို့ကို လမ်းညွှန်မှာကြားသည်။ ထို့နောက် အင်းမကျေးရွာအုပ်စု တာပါတ်ကြီး ဓမ္မာရုံ ယာယီခိုလှုံရာနေရာသို့ ရောက်ရှိပြီး သက်ကြီးဘိုးဘွားများ၊ ကလေးသူငယ်များ၊ နာမကျန်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ပြောင်းရွှေ့နိုင်ရေး အသိပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■


ဒုတိယဝန်ကြီး ဦးရဲတင့် ငွေမြို့နယ်ရှိ မုန်တိုင်းရှောင်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ဒုတိယဝန်ကြီး ဦးရဲတင့် မုန်တိုင်းရှောင်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မေ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ကျိုက်လတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ရုံးနောက်ဘက်ခြမ်းမှ တောင်ပြိုကျသဖြင့် ရေမြောင်းပျက်စီးနေမှုနှင့် မြေကြီးများပိတ်ဆို့နေခြင်းကို ကြည့်ရှုစစ်ဆေးကာ လောလောဆယ် ရေစီးရေလာကောင်းစေရန်နှင့် မြေပြိုကျမှုကြောင့် ရုံးအဆောက်အအုံကို မထိခိုက်စေရေးအတွက် အမြန်ပြုပြင်ဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းရေးရာကိစ္စများ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြို့သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူးနှင့်အတူ မြို့ဦးတောင်ပေါ်ကျောင်းတိုက်ဆရာတော် ဦးပညာသီရိအား ဖူးမြော်ပြီး ကျောင်းတိုက်တွင် မြို့အစီအစဉ်အရ မုန်တိုင်းအန္တရာယ်ခိုလှုံရန် ရောက်ရှိနေသော မြို့မရပ်ကွက်နှင့် အလယ်ရွာ ပင်လယ်ကမ်းခြေတွင် နေထိုင်သည့် အိမ်ထောင်စု ၄၆ စုမှ (လူဦးရေ ၁၈၇ ဦး)တို့အား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ခေါက်ဆွဲခြောက်နှင့် ကြက်ဥများပေးအပ်သည်။

ငွေမြို့တွင် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းနှင့် အလယ်ရွာအခြေခံပညာအလယ်တန်းကျောင်းတို့၌ မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ခိုလှုံရာ စခန်းလေးခုတွင် ငွေမြို့ ရပ်ကွက်များနှင့် အနီးကျေးရွာများမှ ပင်လယ်ကမ်းစပ်နေ မိသားစု ၈၃ စု (လူဦးရေ ၃၃၈ ဦး) လာရောက်ခိုလှုံလျက်ရှိပြီး ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ထောက်ပံ့မှုများနှင့် မြို့ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၁၄

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” (MOCHA)၏ အရှိန်ကြောင့် ဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ၏ အရှိန်ကြောင့် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများ၌ လူနေအိမ်နှင့် သစ်ပင်များ ပြိုလဲပျက်စီး၍ လမ်းများပိတ်ဆို့ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် သခင်ဘသောင်းရပ်ကွက်ရှိ ဒေါနလမ်းပေါ်သို့ သစ်ပင်သစ်ကိုင်းများ လဲကျခြင်း၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် သမဝါယမဦးစီးဌာနရုံးရှေ့ရှိ ယူကလစ်ပင်များလဲကျခြင်း၊ ဓာတ်တိုင်များလဲကျခြင်း၊ မိုးညိုမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်နေ ကျေးရွာများတွင် နေအိမ်များပြိုလဲခြင်းနှင့် အမိုးလန်ခြင်းများဖြစ်ပွားခြင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် မြေနိမ့်ပိုင်း သီးနှံစိုက်ခင်းများအတွင်း ရေဝင်ရောက်ခြင်း၊ ကားလမ်းမပေါ် ရေကျော်ခြင်း၊ လမ်းများရေတိုက်စား၍ ပျက်စီးခြင်း၊ ဓာတ်တိုင်များနှင့် သစ်ပင်များလဲကျမှုဖြစ်ပွားခြင်း၊ ပွင့်ဖြူမြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးအနီးတွင် မြို့တွင်းမိန်းလမ်းဘေးရှိ သစ်ပင်များလဲကျခြင်းကြောင့် လမ်းများပိတ်ဆို့မှုဖြစ်ပွားခြင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်ဖြူပညာရေးကောလိပ် သဇင်ဆောင်အမိုးပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် သစ်ပင်နှင့်ဓာတ်တိုင်များပြိုလဲခြင်း၊ ဝါးခယ်မမြို့နယ်တွင် လူနေအိမ်နှင့် သစ်ပင်များ ပြိုလဲပျက်စီးခြင်း၊ ဘိုကလေးမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ကျောင်းကုန်းမြို့နှင့် ကံကြီးထောင့်မြို့တို့တွင် လူနေအိမ်နှင့် သစ်ပင်များ ပြိုလဲပျက်စီး၍ လမ်းများပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရား အောက်စက်တော်ရာရင်ပြင် ရေဝင်နစ်မြုပ်နေမှုကို မေ ၁၄ ရက်က တွေ့ရစဉ်။



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးအနီးတွင် မေ ၁၄ ရက်က မြို့တွင်းမိန်းလမ်းဘေးရှိ သစ်ပင်များလဲကျခြင်းကြောင့် လမ်းများပိတ်ဆို့မှုမဖြစ်စေရေး တာဝန်ရှိသူများနှင့် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များက ရှင်းလင်းဖယ်ရှားပေးစဉ်။



ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မေ ၁၄ ရက်က သမဝါယမဦးစီးဌာနရုံးရှေ့ရှိ ယူကလစ်ပင်များလဲကျခြင်းနှင့် ဓာတ်တိုင်များလဲကျခြင်းကို တာဝန်ရှိသူများနှင့် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့များက ရှင်းလင်းဖယ်ရှားပေးစဉ်။



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်ဖြူပညာရေးကောလိပ်၌ မေ ၁၄ ရက်က သစ်ပင်သစ်ကိုင်းများကျိုးကျမှုအား နယ်မြေခံတပ်မတော်သားများ၊ တာဝန်ရှိသူများနှင့် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များက ရှင်းလင်းဖယ်ရှားပေးစဉ်။




ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာ၌ မေ ၁၄ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ရှင်းလင်းဖယ်ရှားပေးစဉ်။

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ မိုခါမုန်တိုင်းကြောင့် ပျက်စီးမှုများ



ဟသ်ာတမြို့နယ်အတွင်းရှိကျေးရွာအချို့၌ မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



အိမ်မဲမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းဆောင်များ အမိုးလန်ပျက်စီးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ကျောင်းကုန်းမြို့နယ် ကံကလေးအုပ်စု ရန်ကုန်-ပုသိမ်ကားလမ်းမကြီး၌ မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ ပြိုလဲပျက်စီးမှုများကို မြို့နယ်လမ်းဦးစီးဌာနက ရှင်းလင်းဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက် လမ်းမတော်လမ်း၌ မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အပေါ် သစ်ကိုင်းများကျိုးကျနေမှုကို မြို့နယ်သဘာဝဘေးကော်မတီက ရှင်းလင်းဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပြိုလဲပျက်စီးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



မအူပင်မြို့နယ် မယ်တော်စုကျေးရွာ၌ မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံးပြိုလဲပျက်စီးဆုံးရှုံးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



မြန်အောင်မြို့ရှိ ကျေးရွာအချို့၌ မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုလဲပျက်စီးမှုများကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ကူညီဆောင်ရွက်ရှင်းလင်းပေးစဉ်။ မြန်အောင်(ပြန်/ဆက်)



ဝါးခယ်မမြို့နယ် ဆေးရုံရပ်ကွက် မဟာဝိသုတာရာမကျောင်းဝင်းအတွင်း၌ မေ ၁၃ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ ပြိုလဲပျက်စီးမှုများကို မြို့နယ်သဘာဝဘေးကော်မတီက ရှင်းလင်းဆောင်ရွက်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးမှုများ ရှင်းလင်းဖယ်ရှားပေး



ကိုကိုးကျွန်းမြို့နယ်၌ မေ ၁၄ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုကို မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားပေးစဉ်။





ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ မေ ၁၄ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများကျိုးကျမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှင်းလင်းဖယ်ရှားပေးစဉ်။



ကော့မှူးမြို့နယ် အဖျောက်ကျေးရွာ၌ မေ ၁၄ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးပဲ့သွားသော ဓာတ်တိုင်များကို တပ်မတော်လုံခြုံရေးတပ်ဖွဲ့များက ရှင်းလင်းဖယ်ရှားပေးစဉ်။



ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ယခင်စစ်ရုံးချုပ်အတွင်း၌ မေ ၁၄ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ ပြိုလဲပျက်စီးမှုများကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်အဖွဲ့များက ရှင်းလင်းဖယ်ရှားပေးစဉ်။ ကြည်ဇေသော်



ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၌ မေ ၁၄ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျနေမှုကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်အဖွဲ့များက ရှင်းလင်းဖယ်ရှားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)




ကြည့်မြင်တိုင်မြို့နယ်၌ မေ ၁၄ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ၊ လျှပ်စစ်ဓာတ်တိုင်များ ပြိုလဲနေမှုကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းဖယ်ရှားပေးစဉ်။ တင်ဝင်းတင်

# ရခိုင်ပြည်နယ်ရှိ မြို့နယ်များ၌ မိုခါ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးမှုများ



ဂွမြို့နယ်၌ မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ထရန်စဖော်မာ ပျက်စီးမှုကို တွေ့ရစဉ်။



စစ်တွေမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးရှေ့ရှိ တာဝါတိုင် လဲကျမှုကို တွေ့ရစဉ်။ ဓာတ်ပုံ– DMC



သံတွဲမြို့နယ်အတွင်းရှိ ငပလီလေယာဉ်ကွင်း VIP အဆောင် ဆင်ဝင်အမိုးလန် ပျက်စီးမှုကို တွေ့ရစဉ်။ ဓာတ်ပုံ–ခရိုင်(ပြန်/ဆက်)



တောင်ကုတ်မြို့နယ်၌ သစ်ပင်ကြီးများ ပြိုလဲမှုကြောင့် လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေး မေ ၁၄ ရက်တွင် တာဝန်ရှိသူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းဖယ်ရှားပေးစဉ်။

ဓာတ်ပုံ–မြို့နယ်(ပြန်/ဆက်)



ကျောက်ဖြူမြို့နယ်၌ မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုလဲပျက်စီးမှုကို တွေ့ရစဉ်။



စစ်တွေမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၁၀၀ မီတာ ပြိုလဲမှုကို တွေ့ရစဉ်။



မအီမြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ပျက်စီးမှုကို တွေ့ရစဉ်။




မိုခါဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မအီမြို့ရှိ လူနေအိမ် ပျက်စီးမှုကို တွေ့ရစဉ်။

ဓာတ်ပုံ–မောင်မောင်ဌေး(ပြန်/ဆက်)



မေ ၁၄ ရက်က သံတွဲမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။



မေ ၁၄ ရက်က စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် မိုခါဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။

## မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

၂။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင် သစ်ကိုင်းများ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

၃။ အိမ်၏ခိုင်ခံ့မှုအနေအထားနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံအတွင်း ရှိ/မရှိ စစ်ဆေးပါ။

၄။ သန့်ရှင်းသောသောက်သုံးရေ (သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ။

၅။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

## မုန်တိုင်းဖြစ်ပြီးချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။

၂။ မလိုအပ်ဘဲ အပြင်မထွက်ပါနှင့်။

၃။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။

၄။ ပြိုကျပျက်စီးနေသော အဆောက်အအုံများ၊ သစ်ပင်များ တောင်စောင်းများသို့ မသွားပါနှင့်။




မိုခါဆိုင်ကလုန်းမုန်တိုင်းကာလအတွင်း နေထိုင်စားသောက်မှု အဆင်ပြေစေရန်အတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ မွတ်စလင်သက်ကြီးဂေဟာနှင့် ကန်တော်လေး သီလရှင်လေးများ ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအတွက် Grand Wynn Group of Companies က ဖြန့်ဖြူးရောင်းချလျက်ရှိသော Mother's Choice Soft Margarine နှင့် Mom's Choice Cooking Oil အစရှိသည့်စားသောက်ကုန်ပစ္စည်းကို အမေများနေ့အထိမ်းအမှတ်အနေဖြင့် မေ ၁၄ ရက်က သွားရောက်လှူဒါန်းစဉ်။ ကြေးမုံ



## မိုးညိုမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုလဲခြင်းနှင့် အမိုးလန်ခြင်းများဖြစ်ပွား

**မိုးညို မေ ၁၄**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်တွင် ယနေ့ နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခဲ့ရာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် နေအိမ်များ ပြိုလဲခြင်းနှင့် အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက် တစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရှစ်အုပ်စုတို့တွင် ပြိုလဲနေအိမ် ရှစ်လုံး၊ တစ်စိတ် တစ်ပိုင်းပျက်စီး နေအိမ် ခုနစ်လုံး စုစုပေါင်း ၁၈ လုံးနှင့် စာကြည့်တိုက် ပြိုလဲပျက်စီး တစ်လုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး သစ်ပင်ပိ တစ်လုံး ထိခိုက်ပျက်စီးခဲ့ရာ စုစုပေါင်း တန်ဖိုး ငွေကျပ် ၄၃၇၈၅၀၀ ခန့် ဆုံးရှုံးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၁၅ စုမှ လူဦးရေ ကျား ၂၈ ဦး၊ မ ၂၇ ဦး စုစုပေါင်း ၅၅ ဦးတို့ဘေးသင့်ခဲ့ပြီး နေအိမ်များပြန်လည်ပြုပြင်ခြင်းနှင့် လိုအပ်သည်များကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့က လိုအပ်သည်များ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ငဖဲမြို့နယ် ရင်းရှည်ရေလှောင်တမံ ကျိုးပေါက်မှု မဖြစ်ပေါ်စေရေး သဲအိတ်များ စုပေါင်းမြေဖို့

**ငဖဲ မေ ၁၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရင်းရှည်ရေလှောင်တမံအတွင်း တောင်ကျချောင်းရေ ဝင်ရောက်၍ ဆည်ရေပြည့်အမှတ် ဖ၀၂ ပေ၊ လက်ရှိရေမှတ် ဖ၀၉ ပေ ရောက်ရှိပြီး ရေပိုလွှဲမှ ခုနစ်ပေ ရေကျော်လျက်ရှိရာ ဆည်တမံကျိုးပေါက်မှု မဖြစ်ပေါ်စေရေးအတွက် ယနေ့ နံနက်ပိုင်းက သဲအိတ်များဆင့်ကာ စုပေါင်းမြေဖို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၉၀၅) အမြောက်စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးသန့်ကြီးကြပ် ကွပ်ကဲမှုဖြင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များ၊ မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးလှိုင်၊ ငဖဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းမြင့်ကြည်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံ တောင်သူများ စုပေါင်းအင်အား ၁၆၂ ဦးဖြင့် ရင်းရှည်ရေလှောင်တမံ ဆည်ရေကျိုးပေါက်မှု မဖြစ်ပေါ်စေရေး၊ ဆည်ရေကျော်ပါက ရေကျော်ဒဏ်ခံနိုင်စေရေးအတွက် သဲအိတ်များကို ဆင့်ကာ စုပေါင်းမြေဖို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မယု(ငဖဲ)



## ပေါက်ခေါင်းမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့် နေအိမ်များ အမိုးလန်ပျက်စီး

**ပေါက်ခေါင်း မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်း ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲ ၂ နာရီခွဲခန့်က လေပြင်းများ တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရှစ်အုပ်စု ကျေးရွာခွဲ ၁၁ ရွာမှ နေအိမ် ၁၁ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ကျေးလက် ကျန်းမာရေးဌာန တစ်ခု အမိုးလန်ပျက်စီးပြီး လျှပ်စစ်မီးတိုင် ၁၂ တိုင် လဲကျခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုဖြစ်စဉ်ကြောင့် ပေါက်ခေါင်းမြို့နယ် တောင်လက်ကြီးကျေးရွာအုပ်စုတွင် နေအိမ် တစ်လုံး၊ မြို့တောင်ကျေးရွာ အုပ်စုတွင် နေအိမ် တစ်လုံး၊ ရပ်သစ်ကျေးရွာအုပ်စုတွင်နေအိမ် တစ်လုံး၊ ရွာရှည်ကျေးရွာအုပ်စုတွင် နေအိမ် တစ်လုံး၊ ဘန့်ပြင်ကျေးရွာအုပ်စုတွင် နေအိမ် နှစ်လုံး၊ ပိတောက်ကုန်းကျေးရွာအုပ်စုတွင် နေအိမ် တစ်လုံး၊ အင်ငါးခွကျေးရွာအုပ်စုတွင် နေအိမ် လေးလုံးနှင့် ကျေးလက် ကျန်းမာရေးဌာန ဆေးပေးခန်း တစ်ခု၊ ငွေးပင်ခုန်ကျေးရွာအုပ်စုတွင် နေအိမ်တစ်လုံး၊ အမှတ်(၃)ရပ်ကွက်တွင် နေအိမ် တစ်လုံးတို့ အမိုးလန်ပျက်စီးပြီး တာကောက်ကျေးရွာ အလက(ခွဲ) စာသင်ကျောင်း အမိုးလန်ကာ မျက်နှာကြက်ပြုတ်ထွက်ပြီး ၃၃ ကေဗွီ ဓာတ်အားလိုင်းတိုင် ၁၂ တိုင် လဲကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



နေအိမ်အမိုးလန်ပျက်စီးခဲ့သည့် မိသားစုများ ယာယီနေထိုင်နိုင်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအဖွဲ့များက ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တောင်ငူမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပြိုကျ၊ အမိုးလန်ပျက်စီးမှုများဖြစ်ပွား

**တောင်ငူ မေ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဆင်ဆိပ်ကျေးရွာအုပ်စု သျှားယားကုန်းကျေးရွာတွင် ယနေ့ ညနေ ၄ နာရီခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၀ လုံး ပျက်စီးခဲ့ပြီး ဆုံးရှုံးမှု တန်ဖိုး ငွေကျပ်သိန်း ၃၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကာ လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

ထို့အတူ တောင်ငူမြို့နယ် နတ်စင်ကုန်းကျေးရွာနှင့် ငါးဖယ်အင်းကျေးရွာတို့တွင် ယနေ့ ညနေ ၄ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နတ်စင်ကုန်းကျေးရွာရှိ ကျောင်းခန်းမနှင့် ကျောင်းဆောင် သုံးလုံး၊ ကျောင်းမုန့်ဈေးတန်းနှင့် နေအိမ် ကိုးလုံး အမိုးလန်ပျက်စီးမှုဖြစ်ပွားခဲ့ကာ ငါးဖယ်အင်းကျေးရွာတွင်လည်း နေအိမ် ခုနစ်လုံး ပြိုကျပြီး နေအိမ် ၂၀ လုံး အမိုးလန်ခြင်း၊ သစ်ပင်များ ကျိုးကျခြင်း ဖြစ်ပေါ်ခဲ့သောကြောင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်မြို့နယ်ရှိ ကျေးရွာအုပ်စုအချို့တွင် မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် နေအိမ်များပျက်စီး၊ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်



**ပြည် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ယမန်နေ့က မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ကျေးရွာအုပ်စုအချို့တွင် ပြိုလဲပျက်စီး၊ အမိုးလန်ခဲ့သော နေအိမ်များအတွက် ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် သွားရောက် ထောက်ပံ့ပေးအပ်သည်။

အဆိုပါမိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် မှော်ဇာကျေးရွာအုပ်စု၊ ကြာအင်းအုပ်စု၊ ထမ္မကောက်အုပ်စု၊ ပေါင်းတမော့အုပ်စု၊ မှုတ်ရှည်ကျေးရွာအုပ်စုနှင့် ရွှေတံခါးရပ်ကွက်တို့မှ စုစုပေါင်း ပြိုလဲပျက်စီးနေအိမ် နှစ်လုံးအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်း၊ အမိုးလန်ပျက်စီး စုစုပေါင်းအိမ်ခြေ ၁၃ လုံးအတွက် ထောက်ပံ့ငွေကျပ် ၅၇၀၀၀၀၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းနှင့် လေဘေးသင့် အိမ်ထောင်စုဝင် ၅၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်၂၁၀၀ နှုန်းဖြင့် ဆန်ဖိုးထောက်ပံ့ငွေကျပ် ၁၁၇၆၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၀၈၇၆၀၀ နှင့် အိမ်ထောင်စု နှစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ ပလတ်စတစ်ပုံး နှစ်ပုံးတို့အား ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ချို၊ ပြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦးနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျုံပျော်မြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်



**ကျုံပျော် မေ ၁၄**

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ယမန်နေ့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးခဲ့သည့် လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မြို့နယ်တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လေပြင်း တိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးသွားသည့် ကျေးရွာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေအောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သွားရောက် ထောက်ပံ့ပေးအပ်ပြီး အားပေးစကားများ ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

အဆိုပါ ပျက်စီးမှု ဖြစ်ပွားရာ နေရာသို့ မြို့နယ်တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာတာဝန်ရှိသူများ သွားရောက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပြီး စားဝတ်နေရေး လိုအပ်သည်များကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

# ကျောက်တလုံးကြီးမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများနှင့် ပစ္စည်းများပေးအပ်



**ကျောက်တလုံးကြီး မေ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီး မြို့နယ်တွင် မေ ၈ ရက် ညနေ ၄ နာရီခွဲတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုကြောင့် ကက္ကူကျေးရွာအုပ်စု နမ့်ဖေးကျေးရွာတွင် အမိုးလန်/ထရံကွာ အိမ်ငါးလုံး၊ ဟမ်းဖို့ပေကျေးရွာတွင် အမိုးလန်/ထရံကွာ အိမ် ၂၁ လုံး၊ ပြိုကျအိမ် တစ်လုံးနှင့် ပန်လင်းကျေးရွာတွင် အမိုးလန်/ထရံကွာ အိမ် ၁၁ လုံး စုစုပေါင်း အိမ် ၃၇ လုံးနှင့် ပြိုကျအိမ်တစ်လုံး ပျက်စီးခဲ့ရာ အဆိုပါအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ယနေ့နံနက် ၁၁ နာရီတွင် ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါ လေဘေးသင့်ခဲ့သည့် အိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ရှမ်းပြည်နယ်ဘေး/စီမံအဖွဲ့မှ ထောက်ပံ့သော ပြိုကျအိမ်တစ်လုံးအတွက် ငွေကျပ် ၁၀၀၀၀၀ နှင့် ဆန်ရိက္ခာအတွက် ငွေကျပ် ၁၀၅၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၂၂ မျိုး၊ အမိုးလန်/ထရံကွာ အိမ် ၃၇ လုံးအတွက် အိမ်တစ်လုံးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၈၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်



**ကျောင်းကုန်း မေ ၁၄**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော နေအိမ်များအား ယနေ့မွန်းလွဲပိုင်းတွင် ကယ်ဆယ်ရေးပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ကွင်းဆင်း ထောက်ပံ့ပေးခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

ဖုန်းဆိုးအုပ်စုမှ အိမ်ထောင်စုတစ်စုနှင့် မိုးမခအုပ်စုမှ အိမ်ထောင်စု နှစ်စုတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးနေဝင်းနောင်နှင့် ရေကြည်မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်သန္တာခိုင်တို့က ကွင်းဆင်းတွေ့ဆုံအားပေးခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်၊ ခေါက်ဆွဲခြောက်နှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မုန်တိုင်းကြောင့်ဖြစ်ပေါ်သည့်အန္တရာယ်များ

(က) လေပြင်းတိုက်ခတ်၍ သစ်ပင်အဆောက်အအုံများပျက်စီးခြင်း
(ခ) လေဖိအားရုတ်တရက်ကျဆင်း၍ အသက်ရှူကျပ်ခြင်း
(ဂ) ပင်လယ်ပြင်တွင် လှိုင်းတံပိုးကြီးခြင်း
(ဃ) ကမ်းရိုးတန်းဒေသတွင် ဒီလှိုင်းများလှိမ့်ဝင်ခြင်း၊ ရေထရက်နှင့်ကြုံပါက ထူးကဲဒီရေနှင့်တကွ ဒီလှိုင်းများလှိမ့်ဝင်ခြင်း
(င) လျှပ်စစ်ဓာတ်ကြောင့် သစ်ပင်များ ခြောက်သွေ့ကုန်ခြင်း
(စ) ဆားငန်ရေတင်၍ ရေတွင်းများ၊ လယ်ယာများ ပျက်စီးခြင်း
(ဆ) မိုးကြီးရွာ၍ လျှပ်တစ်ပြက်ရေကြီးခြင်း ဖြစ်ပေါ်ခြင်း
(ဇ) ဝမ်းရောဂါများ၊ အအေးမိဖျားနာခြင်းများ ဖြစ်ပေါ်ခြင်း

## မုန်တိုင်းအန္တရာယ်ကျရောက်ပြီးပါက လိုက်နာရန်အချက်များ

(၁) သက်ဆိုင်ရာများမှ အန္တရာယ်ကင်းရှင်းပြီဖြစ်ကြောင်း မကြေညာမချင်း အပြင်မထွက်ရန်၊
(၂) ဓာတ်ငွေ့များ ယိုစိမ့်မှုရှိမရှိစစ်ဆေးရန်၊ ရေစိုနေသောလျှပ်စစ်ပစ္စည်းများကိုအသုံးမပြုရန်၊
(၃) သက်ဆိုင်ရာမှ ကြေညာပေးမည့်သတင်းနှင့် အကြံပြုချက်များကို ဂရုစိုက်နားထောင်ရန်၊



(၄) မိမိအား ကယ်ဆယ်ရေးဆောင်ရွက်ပေးဖို့လိုအပ်ပါက စောစီးစွာဆောင်ရွက်ရန်၊ မိမိအိမ်သို့ သက်ဆိုင်ရာမှ အကြံမပြုမခြင်း ဆန္ဒစောပြီး မပြန်ရန်၊ ပြန်ပါကလည်း သတ်မှတ်ထားသည့် လမ်းကြောင်းမှသာပြန်ရန်၊
(၅) ကုန်းလမ်းခရီးသွားရပါက မြွေအန္တရာယ်အထူးသတိထားရန်၊
(၆) လမ်းဘေးတွင် ပြတ်ကျနေသော လျှပ်စစ်ကြိုးများကိုမကိုင်မိ၊ မထိမိရန် သတိပြုပြီး နီးရာလျှပ်စစ်ရုံးသို့ အကြောင်းကြားရန်၊



(၇) မီးဘေးအန္တရာယ် သတိပြုရန်၊
(၈) ဝမ်းပျက်ဝမ်းလျှောရောဂါ သတိပြုရန်၊
(၉) ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ရန်၊

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## "လေမုန်တိုင်းကျရောက်ပြီးနောက်ဖြစ်ပွားနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ"

လေမုန်တိုင်းကျရောက်ပြီးနောက်ဖြစ်ပွားနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့်အစားအသောက်များကိုစားသောက်မိခြင်းမှတစ်ဆင့်ကူးစက်ဖြစ်ပွား၍ အသက်အန္တရာယ်ထိခိုက်နိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအသွင်ဖြင့်လည်း ဖြစ်ပွားနိုင်ပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက-**

အရည်ဝမ်းများသွားခြင်း၊ အော့အန်ခြင်း၊ အားအင်ကုန်ခမ်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်း စသည်တို့ဖြစ်ပွားနိုင်ပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**လေမုန်တိုင်းကျရောက်ပြီးနောက် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် အောက်ပါအချက်အလက်များကို တိကျစွာ လိုက်နာကျင့်သုံးကြရမည်ဖြစ်ပါသည်-**

**(က) သောက်သုံးရေသန့်ရရှိရေး၊**

- FDAအသိအမှတ်ပြုသောက်ရေသန့်ကိုရရှိရန်အခက်အခဲရှိပါက သောက်ရေကိုကျိုချက်၍လည်းကောင်း၊ သောက်သုံးရေကို ကျန်းမာရေးဌာန၏ ညွှန်ကြားချက်အတိုင်း စနစ်တကျ ရေသန့်စင်ဆေးပြားခပ်၍လည်းကောင်း၊ ကလိုရင်းဆေးကို နည်းစနစ်တကျခပ်၍ လည်းကောင်း အသုံးပြုပါ၊

**(ခ) လက်သန့်စင်ရေး၊**

- အစားအစာများကိုင်တွယ်ပြင်ဆင်ခြင်းမပြုမီ၊ အစားမစားမီနှင့် အိမ်သာအသုံးပြုပြီးချိန်တိုင်း ဆပ်ပြာ နှင့်ရေကိုအသုံးပြု၍ အနည်းဆုံးစက္ကန့်(၂၀)ကြာအောင် လက်ကိုစနစ်တကျ ဆေးကြောပါ၊
- လေမုန်တိုင်းရှောင်စခန်းများ၊ ကယ်ဆယ်ရေးစခန်းများတွင် လက်သန့်စင်ရေးအတွက် ဆပ်ပြာနှင့်ရေများအသင့်ထားရှိပေးပါ။

**(ဂ) အစားအစာသန့်ရှင်းရေး**

- အစားအစာများကို သန့်ရှင်းစွာချက်ပြုတ်၍ ယင်မနားစေရန်ဖုံးအုပ်ပါ။ အစားအစာများကို ပူပူ နွေးနွေး စားပါ၊
- မှိုတက်နေသော အစားအစာများ၊ ယင်နားစာများ၊ အမှည့်လွန်သော အသီးများကို မစားပါနှင့်၊

**(ဃ) အိမ်သာသန့်ရှင်းရေး**

- သန့်ရှင်းသော ယင်လုံအိမ်သာများ အသုံးပြုပါ၊
- ကလေးငယ်များ၏ မစင်ကို ယင်မနားအောင် စနစ်တကျ စွန့်ပစ်ပါ၊
- ဝမ်းပျက်ဝမ်းလျှောရောဂါခံစားရသည့်လူနာ၏ အညစ်အကြေးများ၊ အဝတ်အစားများကို သောက်သုံးရေကန်များအနီးတွင် လျှော်ဖွပ်ခြင်း မပြုရပါ။

**ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာန သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်ပေးနေသည့် ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ပြသပါ၊ ဓါတ်ဆားရည်ကိုစနစ်တကျဖျော်စပ်သောက်သုံးပါ။**

မေလ၊ ၂၀၂၃ ခုနှစ်

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရေသန့်စင်ဆေးပြား အသုံးပြုနည်း

(Water Purification Tablet) (Aquatabs 67 mg) (Oasis 67 mg NADCC)

**ရေသန့်စင်ဆေးပြား**

ရေသန့်စင်ဆေးပြား ဆိုသည်မှာ သောက်သုံးရေထဲတွင် မျက်စိဖြင့်မမြင်နိုင်သော ရောဂါပိုးမွှားများ ကင်းစင်စေရန် ထည့်သွင်းဖျော်စပ်ရသည့် ဆေးပြားဖြစ်သည်၊ ဆေးပြားကို လုံးဝပျော်ဝင်သည်အထိ ဖျော်စပ်ပြီး မိနစ် (၃၀) စောင့်ဆိုင်းပြီးပါက ဆေးပြားထည့်ထားသည့် သောက်သုံးရေကို စတင်အသုံးပြုနိုင်ပါသည်၊ နောက်ကျိခြင်းမရှိသည့်ရေတွင် အသုံးပြုပါက ရောဂါပိုးမွှားသန့်စင်နိုင်မှု အာနိသင် ပိုမို၍ ကောင်းမွန်ပါသည်၊



**ဆေးပြားတွင် ပါဝင်သည့်ပစ္စည်းများ** (Aquatab 67 mg)

Sodium dichloroisocyanurate (NADCC) (ACL 60) - 67 mg



**ရေသန့်စင်ဆေးပြား အသုံးပြုပုံ** (Aquatabs 67 mg) (Oasis 67 mg NADCC)

- အရေးပေါ်အခြေအနေ (ဥပမာ - လေမုန်တိုင်းကျရောက်ခြင်း) တို့တွင် FDA အသိအမှတ်ပြု ရေသန့်များ ရရှိရန် အခက်အခဲရှိသည့်အခါ သောက်သုံးရေသန့် ရရှိရေးအတွက် အသုံးပြုရန်ဖြစ်ပါသည်၊
- ရေပမာဏ ၁၀ လီတာ (၁လီတာဝင် ရေသန့်ဘူး ၁၀ လုံး) အတွက် ဆေးပြား တစ်ပြား ခပ်ရပါမည်၊ အနည်မပါသော ရေတွင် အသုံးပြုသင့်ပါသည်၊ အကယ်၍ အနည်ပါဝင်သောရေဖြစ်ပါက သန့်ရှင်းသောအဝတ်ဖြင့် သို့မဟုတ် ရေစစ်ဖြင့် အနည်များကို စစ်ထုတ်ပြီးမှ အသုံးပြုသင့်ပါသည်၊




(မေလ ၉ ရက်၊ ၂၀၂၃ ခုနှစ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၁၀ | ၁၉၆၀ | ၁၉၅၅ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၀ | ၁၉၆၅ | ၁၉၄၅ | ၂၀၄၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၀ | ၁၉၉၅ | ၁၉၉၅ | ၂၀၀၀ | ၂၂၃၀ | ၂၈၁၀ |
| 95 Ron | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၅၀ | ၂၀၄၀ | ၂၀၅၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၆၀ | ၁၉၁၀ | ၁၉၁၀ | ၁၈၇၀ | ၁၉၁၀ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၀၀ | ၁၉၁၅ | ၁၉၅၀ | ၁၉၅၀ | ၁၉၅၀ | ၂၁၈၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၀ | ၂၂၆၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၀ | ၂၂၆၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၀ | ၁၈၇၉ |
| 95 Ron | ၁၈၉၆ | ၁၉၆၇ |
| HSD (500 ppm) | ၁၇၆၆ | ၁၈၃၁ |
| HSD (50 ppm) | ၁၈၄၀ | ၁၉၀၆ |
| HSD (10 ppm) | ၁၈၄၀ | ၁၉၀၆ |

မှတ်ချက်။
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မိုးကြိုကာလ မိုးကြိုးအန္တရာယ်ကာကွယ်ရန် နည်းလမ်းကောင်းများ

တင်ထက်ထက်ဇော်



မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြီးခဲ့သည့် ဧပြီလ ၂၃ ရက်နေ့က မိုးကြိုးပစ်မှုများကြောင့် နှစ်နာရီအတွင်း လူကိုးဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်နေကြသည့် ကျေးလက်ပြည်သူများဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင်လည်း မိုးကြိုးပစ်မှုကြောင့် နှစ်စဉ်လူနှင့် ကျွဲ၊ နွား သေဆုံးမှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ် ဧပြီလအတွင်းလည်း သေဆုံးမှုများရှိခဲ့သည်။

မိမိတို့နိုင်ငံတွင် မိုးကြိုးပစ်မှုကြောင့် နှစ်စဉ်လူသေဆုံးမှုများရှိနေပြီး အများစုမှာ လယ်ယာလုပ်ငန်းခွင်လုပ်ကိုင်ကြသည့် ကျေးလက်ပြည်သူများဖြစ်သည့်အလျောက် ယခုကဲ့သို့ မိုးကြိုကာလနှင့်မိုးနှောင်းကာလတို့တွင် မိုးကြိုးအန္တရာယ်ကို သတိပြုကြရတော့မည်ဖြစ်သည်။ မိုးကြိုးအန္တရာယ်ကို မိုးကြိုကာလ၊ မိုးတွင်းကာလနှင့် ရုတ်တရက်ရာသီဥတုဖောက်ပြန်သည့်အချိန်တို့တွင် သတိပြုကြရန် ပညာရှင်တို့က သတိပေးထားသည်။ မြန်မာနိုင်ငံတွင် မိုးကြိုးအများဆုံးပစ်သည့်အချိန်သည် မိုးကြိုကာလဖြစ်သော ဧပြီလနှင့် မေလ၊ မိုးနှောင်းကာလဖြစ်သော အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်ဖြစ်ပြီး တစ်နေ့တာအတွင်း မွန်းတည့်ချိန်မှစ၍ ညနေ ၆ နာရီခန့်အတွင်း မိုးကြိုးအပစ်များသည်ဟုလည်း ဆိုသည်။

မှတ်တမ်းများအရ မြန်မာနိုင်ငံတစ်ဝန်း လွန်ခဲ့သော သုံးနှစ်မှစ၍ မိုးကြိုကာလများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိုးကြိုးပစ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်းနှင့် လေပြင်းအန္တရာယ်များကို သိသိသာသာ ဆက်တိုက်ကြုံလာရသည်။ ဘုရားစေတီတော်များမြေခြင်း၊ နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ လူနှင့်တိရစ္ဆာန်များ မိုးကြိုးထိမှန်သေဆုံးခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် မိုးကြိုကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျေးရွာဒေသများကို စဉ်ဆက်မပြတ်အသိပေးနှိုးဆော်လျက်ရှိသည်။

ကမ္ဘာ့အိုဇုန်းလွှာ တစ်စတစ်စ ယိုယွင်းလာမှုကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမို၍ နွေရာသီအပူချိန် စံချိန်မြင့်တက်လာခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများစွာကို ရင်ဆိုင်ကြုံတွေ့နေကြရသည်။ မိုးကြိုကာလတွင် မိုးတိမ်တောင်များကြောင့် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ ရေဆင်နှာမောင်းတိုက်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်း စသည့်သဘာဝဘေးအန္တရာယ် ၁၀ မျိုးဖြစ်ပေါ်တတ်သည်။ နှစ်စဉ်နှစ်တိုင်း မိုးကြိုကာလများတွင်လည်း အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသသို့ ဝင်ရောက်လေ့ရှိကာ ဒေသအလိုက် လေထုမတည်မငြိမ်ဖြစ်ပြီး မိုးတိမ်တောင်အန္တရာယ်သည် မြန်မာတစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်လျက်ရှိသည်။

**မိုးကြိုးပစ်ခြင်းဖြစ်ပေါ်လာပုံ**

တစ်ကမ္ဘာလုံးအတိုင်းအတာအရ တစ်စက္ကန့်လျှင် မိုးကြိုးအကြိမ်တစ်ရာနီးပါး ပစ်ခတ်နေကြောင်း သိရသည်။ မိုးကြိုးဆိုသည်မှာ မိုးတိမ်တောင်များမှ ပါလာသော ရေမှုန်ရေမွှားများသည် ကမ္ဘာ့လေထုအတွင်း ပွတ်တိုက်ခြင်းကြောင့် လျှပ်စီးကြောင်းများဖြစ်လာပြီး လျှပ်စီးကြောင်း လျှပ်ကူးသောအခါ "မိုးကြိုးပစ်ခြင်း" ဖြစ်ပေါ်လာသည်။ တိမ်တိုက်အချင်းချင်း လျှပ်စီးကူးခြင်းဖြစ်သလို တိမ်တိုက်နှင့် မြေပြင်မှ အရာဝတ္ထုများနှင့် ကမ္ဘာမြေကြီးအကြား လျှပ်စီးကူးတတ်သဖြင့် တစ်ခါတစ်ရံ မိုးကြိုးပစ်ခြင်း ဖြစ်ပေါ်လာရသည်။

လျှပ်စီးကြောင်းကြီးများ ဖြစ်ပေါ်လာပြီး မိုးကြိုးပစ်သောဖြစ်စဉ်များတွင် လျှပ်စစ်ဓာတ်အားသည် ဗို့အား သန်း ၁၀၀ အထိရှိသည်။ မိမိတို့နေအိမ်တွင် ချက်ပြုတ်သောအိုးများမှာ အများဆုံး ဗို့အား ၁၂၀၀ သာရှိသည်။ ထိုကဲ့သို့ သန်းနှင့်ချီသော ဗို့အားနှင့် ထိတွေ့လိုက်သောအခါ အရာအားလုံး အစိတ်စိတ်အမြွှာမြွှာ မီးလောင်တိုက်သွင်းခံလိုက်ရသလိုဖြစ်ပြီး လျှပ်စစ်စက်ကွင်းထဲသို့ ရောက်မိသော သစ်ပင်အပါအဝင် အရာဝတ္ထုများမှာ ထက်ပိုင်းကျိုးကာ မီးသင့်ခြင်းကိုဖြစ်ပေါ်စေသည်။ သက်ရှိသတ္တဝါများတွင် အသက်သေဆုံးသည်အထိ ဖြစ်ရသည်။ ဗို့အား သန်း ၁၀၀ ရှိသော လျှပ်စီးကြောင်းသည် လေထုကို အပူဓာတ်စုစုပေါင်း သုံးသိန်းကျော်ဒီဂရီစင်တီဂရိတ်အထိ ဖြစ်လာစေသည်။ ထိုဖြစ်စဉ်ကြောင့် ပြင်းထန်သော မိုးခြိမ်းသံကြီးနှင့်အတူတောက်ပသော လျှပ်စီးကြောင်းများကို မြင်ကြရသည်။ မိုးတိမ်တောင်အဖြစ်များသော မိုးဦးကျနှင့် မိုးအကုန်ဆောင်းအကူးကာလများတွင် မိုးကြိုးအများဆုံး ဖြစ်လေ့ရှိသည်။

**မိုးကြိုးအန္တရာယ် သတိရှိစေလို**

မိမိတို့ဒေသအနီးတစ်ဝိုက်တွင် မိုးခြိမ်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ မကြာခဏဖြစ်ပေါ်နေပါက မိုးကြိုးပစ်နိုင်သည့်အန္တရာယ်ရှိသည်။ အန္တရာယ်မှရှောင်ရှားနိုင်ရန်အတွက် လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ နည်းလမ်းများအတိုင်း အထူးဂရုပြုလိုက်နာသင့်သည်။

- လျှပ်စီးလက်မှုဖြစ်ပွားစဉ် ရေသုံးစွဲခြင်း၊ ရေချိုးခြင်းမပြုလုပ်ပါနှင့်၊ သတ္တုနှင့် ဆက်စပ်ပစ္စည်းများတွင် လျှပ်စီးဝင်နိုင်သည်ကို သတိပြုပါ။
- သံနှင့်ပြုလုပ်ထားသော အရာဝတ္ထုများနှင့် ဝေးဝေးနေပါ။
- အဆောက်အအုံများ၏ အလယ်တွင်သာနေပါ။ ရေပိုက်များနှင့် ရေဆေးခွက်များအနီးတွင် မနေပါနှင့်။ (မိုးကြိုးလျှပ်စီးမှတစ်ဆင့် ဓာတ်လိုက်တတ်သည်)
- မိုးသက်လေပြင်းက မှန်များကို ရိုက်ခတ်ပျက်စီးစေနိုင်သဖြင့် မှန်ပြတင်းပေါက်၊ မှန်တံခါးများနှင့် ဝေးဝေးတွင်နေပါ။
- တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်၍ ဖုန်းမသုံးပါနှင့်။
- လေထုမတည်မငြိမ်ဖြစ်လာပါက လျှပ်စီးကူးနိုင်သော ပစ္စည်းများနှင့် ဝေးရာတွင် နေထိုင်ပါ။ (ဥပမာ ဟန်းဖုန်း၊ တီဗွီ၊ ရေဒီယို၊ ကွန်ပျူတာ၊ ကြည့်မှန်၊ ကက်ဆက်၊ ပန်းကန်ဆေးစက်၊ အဝတ်အခြောက်ခံစက်၊ စက်ယန္တရားများ)
- တီဗွီ၊ ရေဒီယို၊ အဝတ်လျှော်စက်၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုနှင့် ကွန်ပျူတာ စသည်ဖြင့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကို ပလတ်ဖြုတ်ထားပါ။
- ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ ဆင်ဝင်များ အနီးနေထိုင်ခြင်း၊ ကွန်ကရစ်ခင်းများပေါ်တွင် လဲလျောင်းခြင်းတို့ကို ရှောင်ပါ။
- မိုးကြိုးအပစ်ရပ်ပြီးနောက် နာရီဝက်ကျော်ကြာမှ အိမ်အပြင်သို့ထွက်ပါ။
- မီးပျက်သွားသောအခါ ဓာတ်မီး သို့မဟုတ် အရေးပေါ်မီးများကိုသာ အသုံးပြုပါ။

**လျှပ်စီးလက်ခြင်းဖြစ်ပွားပြီးနောက် လိုက်နာရန်အချက်များ**


- မိုးကြိုးပစ်ပြီး နာရီဝက်ခန့်အကြာ ဘေးကင်းလုံခြုံမှသာ အပြင်ထွက်ပါ။
- မိုးကြိုးပစ်ခံရသော သစ်ပင်များမီးလောင်ခြင်းမှ နေအိမ်များသို့ ကူးစက်နိုင်သဖြင့် သတိထားကြည့်ရှုနေထိုင်ပါ။
- လျှပ်စစ်မီးကြိုးများပြတ်တောက်ခြင်းကို သတိထားရှောင်ရှားပါ။ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ပါ။ ဘေးပတ်ဝန်းကျင်ကိုလည်း သတိပေးပါ။
- မိုးကြိုးစက်ကွင်းထိထားသော လူနာများအား အမြန်ဆုံး ဆေးအကူအညီရရှိရေး ဆောင်ရွက်ပါ။
- ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများကို အထူးဂရုပြုကူညီပါ။

**တိရစ္ဆာန်များကပြောပြသော မိုးလေဝသ**


မြန်မာမှုတွင် "မိုးဖြူမစဲ၊ မိုးမည်းမရွာ" ဟုဆိုရိုးရှိသလို "မိုးစနေ လေရာဟု"ဟုလည်း ဆိုစမှတ်ပြုကြသည်။ အနောက်တောင်ထောင့်က မိုးတိမ်တက်လာပါက မိုးရွာမည်၊ မိုးသည်းမည်။ အနောက်မြောက်ထောင့်က လေဆင်လာလျှင် လေကျမည်၊ လေပြင်းထန်မည် စသော ဆိုရိုးစကားများရှိသည်။ ရှေးယခင်က မိုးလေဝသ အထူးပညာရှင်များသည်လည်း မျက်မှောက်ကာလကဲ့သို့ မတိုးတက် မဖွံ့ဖြိုးသေးသဖြင့် တိရစ္ဆာန်လေးများ၏ အပြုအမူ အနေအထိုင်ကိုကြည့်၍ လူသားတို့က မိုးလေဝသအခြေအနေကို တွက်ချက်ခန့်မှန်းကြရသည်။ တိရစ္ဆာန်များ စောစောအိပ်တန်းတက်လျှင် မကြာခင် လေပြင်းတိုက်ခတ်မည်။ ကျီးကန်းများ အသိုက်ကို သစ်ပင်ဆုံခွတွင် ဆောက်ထားခြင်း၊ အသိုက်အုံထူထူထဲထဲဆောက်ထားခြင်းက ထိုနှစ်တွင် လေပြင်းမုန်တိုင်းကျပြီး မိုးကြီးနိုင်သည်။ ငှက်များ သစ်ပင်ကိုင်းဖျားတွင် အသိုက်လုပ်နေပါက လေပြင်းအန္တရာယ်အတွက် စိုးရိမ်စရာမလိုအပ်ပေ။ ပုရွက်ဆိတ်များ အုပ်စုလိုက် အမြင့်သို့ပြောင်းရွှေ့နေခြင်း၊ အစာသယ်နေခြင်းက မိုးကြီး၊ ရေကြီးသည့်နှစ်ဖြစ်ပြီး ငလျင်အန္တရာယ်လည်း စိုးရိမ်ရသောနှစ်ဖြစ်သည်။ ပုရွက်ဆိတ်များ ရေအိုးအောက်ဝင်လျှင် မိုးခေါင်တတ်သည်။ ရေထည့်ထားသော စဥ့်အိုး၊ ရေတိုင်ကီများအောက်မှ ဖားများအော်နေလျှင်၊ ပုစဉ်းရင်ကွဲများ အဆက်မပြတ်အော်နေလျှင်၊ ပျံလွှားငှက်များ ခပ်နိမ့်နိမ့်ပျံနေလျှင်၊ ညဘက်တောက်တဲ့များ မနားတမ်းအော်နေလျှင် တစ်ရက်နှစ်ရက်အတွင်း မိုးရွာတော့မည့်နိမိတ်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် မိုးလေဝသဆိုင်ရာဘေးအမျိုးမျိုးရှိကြသည့်အနက် မိုးကြိုးဘေးကနေရာမရွေး၊ အချိန်အခါမရွေးဖြစ်တတ်ပြီး မိုးကြိုးဘေးကို ကြိုတင်မသိနိုင်သည့်အတွက် မိုးခြိမ်းသံကြားလျှင် မိမိနှင့် ပတ်ဝန်းကျင်၌ မိုးကြိုးအန္တရာယ်ရှိနိုင်ကြောင်း သတိထားကြရန်လိုသည်။ အထူးသတိပြုရန်မှာ မွန်းလွဲပိုင်းနှင့်ညနေပိုင်းများတွင် မိုးတိမ်တောင်ဖြစ်စဉ် ပို၍အဖြစ်များတတ်သဖြင့် ၎င်းအချိန်များတွင် သတိနှင့် နေထိုင်သွားလာသင့်ပါသည်။ ထို့ပြင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက နေ့စဉ်ထုတ်ပြန်လျက်ရှိသော မိုးလေဝသသတင်းများကို ဂရုစိုက်နားထောင်ပေးကြရန်နှင့် သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးကြပါစေကြောင်း ရေးသားအကြံပြုလိုက်ရပါသည်။ ။

မိမိတို့နိုင်ငံတွင် မိုးကြိုးပစ်မှုကြောင့် နှစ်စဉ် လူသေဆုံးမှုများရှိနေပြီး အများစုမှာ လယ်ယာလုပ်ငန်းခွင်လုပ်ကိုင်ကြသည့် ကျေးလက်ပြည်သူများဖြစ်သည့်အလျောက် ယခုကဲ့သို့ မိုးကြိုကာလနှင့်မိုးနှောင်းကာလတို့တွင် မိုးကြိုးအန္တရာယ်ကို သတိပြုကြရတော့မည်ဖြစ်သည်။ မိုးကြိုးအန္တရာယ်ကို မိုးကြိုကာလ၊ မိုးတွင်းကာလနှင့် ရုတ်တရက်ရာသီဥတုဖောက်ပြန်သည့်အချိန်တို့တွင် သတိပြုကြရန် ပညာရှင်တို့က သတိပေးထားသည်။ မြန်မာနိုင်ငံတွင် မိုးကြိုးအများဆုံးပစ်သည့်အချိန်သည် မိုးကြိုကာလဖြစ်သော ဧပြီလနှင့် မေလ၊ မိုးနှောင်းကာလဖြစ်သော အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်ဖြစ်ပြီး တစ်နေ့တာအတွင်း မွန်းတည့်ချိန်မှစ၍ ညနေ ၆ နာရီခန့်အတွင်း မိုးကြိုးအပစ်များသည်




(၁၄-၅-၂၀၂၃) ရက်နေ့ မြန်မာစံတော်ချိန် (၂၁:၃၀) နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ (MOCHA)" လမ်းကြောင်းပြမြေပုံ




# အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း သတိပေးချက်

**(မေ ၁၄ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲအချိန် ထုတ်ပြန်ချက်)**

**အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းပြည်နယ် ပလက်ဝမြို့အနီးမှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ (MOCHA)အဖြစ်သို့ အားလျော့သွားခဲ့ကာ မတူပီမြို့အနီးမှ မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိသည်။

မုန်တိုင်းသည် ချင်းပြည်နယ် မတူပီမြို့အနီးမှ ဆက်လက်ရွေ့လျားလျက်ရှိသဖြင့် အညိုရောင်အဆင့်ဟု သတ်မှတ်သည်။

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါသည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်ကိုးနာရီအတွင်း ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး(မြောက်ပိုင်း) တို့ကို ဆိုင်ကလုန်းမုန်တိုင်း မိုခါအနေဖြင့် လည်းကောင်း၊ နောက် ၂၄ နာရီအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကို မုန်တိုင်းငယ်အနေဖြင့် လည်းကောင်း ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ၏ အရှိန်ကြောင့် ယနေ့ညမှ မေ ၁၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ ခန့်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၇၀ ခန့်အထိနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ၏ ရွေ့လျားရာတစ်လျှောက်ရှိ ဒေသများအနေဖြင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများနှင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို ကြိုတင်သတိပြုနေထိုင်ကြပါရန်၊ ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်သို့ လုံးဝ(လုံးဝ)မထွက်ရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မုန်တိုင်းအတွက် သတိပြုလိုက်နာရန် အချက်များ

လေပြင်းတိုက်ခတ်ချိန်နှင့် မိုးသည်းထန်စွာ ရွာသွန်းချိန်တို့တွင်
သစ်ပင်၊သစ်ကိုင်းများ လျှပ်စစ်မီးတိုင်များ၊
တယ်လီဖုန်းတိုင်များကျိုးကျနိုင်ခြင်း၊ လဲပြိုနိုင်ခြင်း၊
လေပြင်းနှင့်အတူ လွင့်ပါလာသည့်
သွပ်နှင့် အခြားအရာဝတ္ထုများကြောင့်
ထိခိုက်နိုင်ခြင်း၊
မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် တတ်နိုင်ပါက
အဆောက်အအုံအပြင်ဘက်သို့ မထွက်ပါနှင့်။
ဖုန်းများ အသုံးမပြုပါနှင့်။လျှပ်စစ်ပစ္စည်းများ အသုံးမပြုပါနှင့်။



မုန်တိုင်းငယ်၏ အရှိန်ကြောင့် ကုန်းတွင်းပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းရာမှတစ်ဆင့် ဖြစ်ပေါ်တတ်သည့် လျှပ်တစ်ပြက်ရေကြီးရေလျှံမှုများ၊ လေပြင်းတိုက်ခတ်ခြင်းများ၊ မိုးကြိုးပစ်ခြင်းများကိုလည်း အထူးသတိထားပါ။ လျှပ်တစ်ပြက်ရေကြီးခြင်းသည်ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။
ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။





## မုန်တိုင်းအတွက် သတိပြုလိုက်နာရန် အချက်များ

အန္တရာယ်ရှိသည့် မြစ်ချောင်းများအနီး၊ တောင်ကျချောင်းများအနီးနှင့် မြေပြိုမှုများ ဖြစ်ပေါ်နိုင်သည့်နေရာများတွင် နေထိုင်သူများ အထူးသတိပြု နေထိုင်ပါ။
လိုအပ်ပါက ခေတ္တရှောင်ရှားနေထိုင်ပါ။






လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာသွန်းခြင်းများ ပြီးစီး၍ အပြင်ထွက်ပါက
လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှ ဝေးဝေးနေပါ။
မြွေနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ၏ အန္တရာယ်ကို သတိပြုပါ။





ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၈-၅-၂၀၂၃ ရက်မှအဆက်

"ဒါကြောင့်မို့လို့ အခြားတောင်သူလယ်သမားများကို အမတော်ကြေးထုတ်ပေးသလို ကျွန်တော်တို့ ထန်းသမားငမွဲတွေကိုလည်း ထန်းအမတော်ကြေး ထုတ်ပေးပါလို့ ဒီထန်းသမားညီလာခံကြီးကနေပြီး တစ်ခဲနက်တောင်းဆိုပါတယ်"

"သည်အဆိုကို ကျွန်တော်ထောက်ခံပါတယ်"

"ထောက်ခံတယ်"

လူထုပရိသတ်ထဲမှ လူအချို့သည် ကိုအေးဆွေ၏ ဟောပြောသွားချက်များကို စိတ်ဝင်စားလာရုံတွင်မက ထ၍ထ၍ ထောက်ခံနေကြသဖြင့် လှုပ်လှုပ်ရှရှ ဖြစ်လာသည်။

ကိုအေးဆွေသည် လှုပ်လှုပ်ရှရှဖြစ်နေသော ထန်းသမားထုကြီးအား လှည့်ပတ်၍ ကြည့်လိုက်ရာ မဏ္ဍပ်၏လက်ဝဲဘက်အစွန်တွင် အမျိုးသမီးအုပ်စုအား တွေ့ရသည်။ ၎င်းတို့၏ ရှေ့ဆုံးကျကျတွင် ထွေးရီအား တွေ့ရသည်။ ထွေးရီက ကိုအေးဆွေအား ပြုံးပြလိုက်သည်။ သူ့အပြုံးမှာ ကလေးငယ်တစ်ယောက်လို ပွင့်ပွင့်လင်းလင်းရှိလှသည်။ သူ့အနီးတွင် မအုန်းတင်နှင့် အခြားအပျိုဖော်လေးများအား တွေ့ရသည်။ အခြားအပျိုမလေးတစ်ဦးက ထွေးရီနားအနီးသို့ကပ်ကာ ဘာပြောလိုက်သည်မသိ၊ ထွေးရီက ထိုအပျိုမလေး၏ပေါင်ကို ဆွဲလိမ်လိုက်သည်။

"ဆက်လက်ပြီး တတိယအချက်ကို တင်ပြပါရစေ။ ကျွန်တော်တို့ထန်းသမားတွေဟာ မနက်တစ်ခါ ညနေတစ်ခါ အမြဲတမ်းဆိုသလို သေမင်းနဲ့ ဖက်ပြိုင်ပြီး အသက်မွေးမြူနေတဲ့သူတွေပါ။ ဒီလို သေတွင်းနှုတ်ခမ်းမှာနင်းပြီး အလုပ်လုပ်နေရပေမဲ့ စားသောက်နေထိုင်မှုကျတော့လည်း ချောင်လည်မှု မရှိပါဘူး။ ဘယ်လောက်ထိ ကျပ်တည်းတယ်ဆိုတာ ယခုတက်ရောက်လာကြတဲ့ ထန်းသမားကြီးများ အသိပါ။ ပြီးခဲ့တဲ့မိုးတွင်းကဆိုရင် ထင်းဈေးက နဂိုကကြီးတဲ့အထဲ ထန်းလျက်ဈေးက ကျသွားလိုက်တော့ ထန်းသမားခမျာတွေမှာ ဘယ်လောက်ထိ ဒေါင်ချာစိုင်းသွားတယ်ဆိုတာ အခု တက်ရောက်လာကြတဲ့ဦးကြီးများကိုယ်တိုင် ခံစားခဲ့ရတာမို့ အထူးမပြောလိုတော့ပါဘူး။ ဒီအထဲမှာ ထန်းပိုင်ရှင်များကိုလည်း သုံးစုတစ်စုအဖြစ် မပေးမဖြစ်လို့ ပေးနေရပါတယ်။ အဲဒီတော့ ကျွန်တော် ဒီနေရာမှာ လူကြီးမင်းများရှင်းအောင် တွက်ပြပါရစေ။

အခု ထန်းသမားတွေသုံးနေတဲ့ ပျဉ်းမနားဘက်က လာတဲ့ မီးရထားထင်းဟာ (ဒေသအခေါ်အားဖြင့်) လံထင်းတစ်ပုံမှာ ၂၅ ကျပ် ပေးရပါတယ်။ ဒါကိုလှည်းနဲ့တင်လိုက်ရင် လှည်းနှစ်စီးမောက်မောက် တင်ရပါတယ်။ အိမ်အရောက်ဆိုရင် ခရီးအနီးအဝေးလိုက်ပြီး လှည်းခ ၂ ကျပ်မှ ၃ ကျပ်၊ ၄ ကျပ်ထိ ပေးရပါတယ်။ ဒီတော့ အိမ်ရောက် လှည်းနှစ်စီးစာ ထင်းကို ငွေ ၃၀ ကျတယ်ပဲထားပါ။ ဒီငွေ ၃၀ ဖိုး ထင်းနဲ့ ထန်းလျက်ချက်လိုက်ရင် အချိန် ပိဿာ ၁၅၀ လောက် ရပါတယ်။ တစ်နေ့ အချိန်တစ်ဆယ်ကျတဲ့ ထန်းသမားတစ်ယောက်ဟာ ၁၅ ရက်လောက် ဆိုက်ရပါတယ်။ တစ်လဆိုရင် ထင်းဖိုး ၆၀ ကုန်ကျသလို ထန်းလျက်လည်း အချိန် ၃၀၀ ပိဿာလောက် ရပါတယ်။ ဒီအထဲက ထန်းပိုင်ရှင်ကို အချိန် ၁၀၀ ပေးလိုက်ရင် ထန်းသမားမှာ ၂၀၀ ပဲ ကျန်ပါတယ်။ ဒါကို ပြီးခဲ့တဲ့မိုးတွင်းက ပေါက်ဈေးနဲ့တွက်ရင် တစ်ရာ ၄၅ ကျပ် ဈေးနဲ့ ငွေ ၉၀ ပဲ ရပါတယ်။ ဒီငွေ ၉၀ ထဲက ထင်းဖိုး တစ်လတွက် ၆၀ နုတ်လိုက်ရင် ၃၀ ပဲ ကျန်ပါတယ်။ ဒါဟာ ထန်းသမား တစ်အိမ်ထောင်စုရဲ့ တစ်လဝင်ငွေပါ။ ထန်းလျက်ဈေးကျရင်ကျသလို ဝင်ငွေလျော့သွားတတ်ပါတယ်။ ဒီကုန်ကျငွေထဲမှာဆိုရင် ထန်းအတွက် ပစ္စည်းကိရိယာဖိုးတွေ မပါသေးပါဘူး။

'နောက်ပြီး အဲဒီလို တစ်လလုံး ငွေ ၃၀ ဝင်လာဖို့ ငွေရဲ့တန်ဖိုး လုပ်အားကိုလည်း ထန်းတက်သူ၊ မြူအိုးကောက်သူ၊ ထန်းလျက်ကျိုသူဆိုတဲ့ လုပ်အားသုံးအားနဲ့ လုပ်ရပါတယ်။ ဒီတော့ သည်မျှသောဝင်ငွေလေးနဲ့ ထန်းသမားအိမ်ထောင်စုတိုင်း ရပ်တည်နေရတဲ့ဘဝကို စဉ်းစားကြည့်ကြပါ။ သားသမီးများတဲ့ ထန်းသမားအိမ်မျိုးမှာဆိုရင်တော့ မတွေးဝံ့လောက်အောင်ပဲ ကျပ်တည်းမှုနဲ့ ရင်ဆိုင်လာခဲ့ရပါတယ်"

ထန်းသမားထုကြီးသည် ခေါင်းတဆတ်ဆတ်နှင့် ညိတ်နေကြသည်။

"စောစောကအကြောင်းကို ပြန်ဆက်ပြောပါရစေ။ ကျွန်တော်တို့ ဒီနယ်မှာရှိတဲ့ ထန်းသမားတွေဟာ ထန်းပိုင်ရှင်ကို သုံးလှည့်တစ်လှည့် ပေးနေရတဲ့အတွက် အလွန်ပဲနစ်နာပါတယ်။ ဒီနေရာမှာ စကားစပ်မိလို့ နှိုင်းယှဉ်ပြောရမယ်ဆိုရင် မြန်မာပြည်အရပ်ရပ်မှာရှိတဲ့ ထန်းသမားတွေဟာ ကိုယ့်အရပ်၊ ကိုယ့်ထုံးစံ၊ ကိုယ့်စနစ်နဲ့ ထန်းပိုင်ရှင်တွေကို ပေးကြရသလို ကျွန်တော်တို့မြို့နယ်မှာလည်း အချို့မှာ ထန်းပင်အနည်းအများအလိုက် ပုတ်ပြတ်ပေးရတယ်။ အချို့ကျတော့ သုံးစုတစ်စု ပေးရတယ်။ ဟော ကျောက်ပန်းတောင်းမြို့နယ်ရဲ့ အရှေ့တောင်လက်ကျတော့ ထန်းပိုင်ရှင်ကို ထန်းသမားက တစ်နှစ်ထန်းတစ်ပင် တစ်သီးစားမှ ထန်းလျက် တစ်ပိဿာပဲ ပေးရတယ်။ နှစ်သီးစားဆိုရင် နှစ်ပိဿာပဲပေးရတယ်။ တစ်နှစ်မှာ ထန်းတစ်ပင် တစ်သီးစားဟာ ၂၅ ပိဿာလောက်ထွက်ပေမဲ့ နှစ်သီးဆိုရင် ပျမ်းမျှ ၃၅ ပိဿာလောက်ပဲ ထွက်ပါတယ်။ အခု ကျွန်တော်တို့ ဒီဒေသရဲ့ သုံးစုတစ်စု ပေးရတဲ့စနစ်အရဆိုရင် ထန်းပိုင်ရှင်ကို တစ်နှစ်မှာ ထန်းတစ်ပင်အတွက် ၁၂ ပိဿာလောက် ပေးနေရတဲ့အတွက် ကျွန်တော်တို့အရပ်က ထန်းသမားတွေဟာ အလွန်ပဲ နစ်နာနေပါတယ်။ ကျွန်တော်တို့နယ်တွင် မဟုတ်ပါဘူး။ တစ်ပြည်လုံးမှာရှိတဲ့ ထန်းသမားတွေဟာလည်း သူ့အရပ် သူ့စနစ်နဲ့ ပေးနေရခြင်းဖြစ်ပေမဲ့ အများအားဖြင့် နစ်နာတဲ့ဘက်ကများပါတယ်။

ဒါကြောင့်မို့ လက်ရှိကျင့်သုံးနေတဲ့ သုံးစုတစ်စုစနစ်ဟာ ခေတ်နဲ့မလျော်ညီတော့ပါဘူး။ ထန်းလုပ်သမားတွေအဖို့ တစ်ဖက်သတ် နစ်နာလွန်းနေပါတယ်။ ဒီနေ့ လယ်ယာလုပ်သူများပင်လျှင် အရင်က သီးစားခကို ထက်ဝက်စားပေးနေရတဲ့ဘဝက ယခုတော့ နိုင်ငံတော်အစိုးရရဲ့ သီးစားဥပဒေကြောင့် လယ်ခွန်တော် တစ်ဆ သီးစားခဖြင့် လယ်ရှင်များကို ပေးနေရသလို ယာ့ရှင်များကိုလည်း မြေခွန်တော်ရဲ့ နှစ်ဆ သုံးဆနှုန်းနဲ့ သီးစားခကို ပေးနေကြရပါပြီ။

"အဲဒီတော့ ဒီအထောက်အထားတွေကြောင့် ကျွန်တော်တို့ ယခု ထန်းပိုင်ရှင်ကို သုံးစု တစ်စုအဖြစ် ပေးနေရာက ငါးစုတစ်စုအဖြစ်သို့ လျှော့ချပြောင်းလဲပေးပါရန် အဆိုကို ဒီညီလာခံကြီးမှာ တင်ပြပါတယ်"

ကိုအေးဆွေ၏တင်ပြချက်ကို ထန်းသမားထုကြီးက လက်ခုပ်များ တဖြောင်းဖြောင်းတီး၍ ထောက်ခံလိုက်သည်မှာ ထန်းတောများတစ်ဝိုက်ဝယ် ပဲ့တင်ထပ်၍သွားတော့သည်။

"စတုတ္ထအချက်ဖြစ်တဲ့ ထန်းတောများကို ပြည်သူပိုင်သိမ်း၍ ချထား ဝေငှပေးပါရန်အချက်ကို ဆက်လက်တင်ပြပါရစေ။ ဒီအချက်နဲ့ ပတ်သက်လို့ အခု ညီလာခံကြီးမှာ တက်ရောက်လာကြတဲ့ ဦးကြီးများ စဉ်းစားတော်မူကြပါခင်ဗျား။ ဘာလို့လဲဆိုရင် လယ်ယာလုပ်သူတွေသာလျှင် လယ်ယာကို လုပ်ပိုင်ခွင့်ရှိတယ်လို့ ကြွေးကြော်နေကြသေးရင် သက်စွန့်ဆံဖျား ထန်းပင်အမြင့်မှာတက်ပြီး အလုပ်လုပ်ကြရတဲ့ ထန်းသမားများရော ကိုယ်တက်တဲ့ ထန်းကို ကိုယ်မပိုင်ထိုက်ဘူးလား ခင်ဗျား၊ စဉ်းစားတော်မူကြပါ"

ကိုအေးဆွေသည် သူ့စကားကို ဖြတ်လိုက်ကာ လူထုပရိသတ်ကြီးကို လှည့်ပတ်၍ ကြည့်လိုက်သည်။ ထန်းသမားထုကြီးသည် ရုတ်တရက် ငြိမ်ကျသွားသည်။ ထိုစဉ် လူတစ်ယောက် ထလိုက်ကာ-

"ပိုင်ထိုက်ပါတယ်ခင်ဗျား၊ ထန်းတက်သူများသာလျှင် ထန်းကို ပိုင်ထိုက်ပါတယ်" ဟု တက်ကြွစွာ ထောက်ခံလိုက်၏။

သည်တော့မှ လူတော်တော်များများ ပါးစပ်က "ဟုတ်တယ် ဟုတ်တယ်၊ ပိုင်ထိုက်တယ်" ဟူသော တီးတိုးအသံများသည် ပဲ့တင်ရိုက်ခတ်သွားလေသည်။

လူအများ၏ တီးတိုးသံများ ငြိမ်သက်သွားလျှင် ကိုအေးဆွေကလည်း အားရတက်ကြွစွာဖြင့် သူ့စကားကို ဆက်လိုက်ပြန်သည်။

"ပိုင်ထိုက်ပါတယ်ခင်ဗျာ။ ထန်းတက်သူများသာလျှင် ထန်းကို ပိုင်ဆိုင်ထိုက်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အစိုးရက ခေါင်းပုံဖြတ်နေတဲ့ ဓနရှင်၊ မြေပိုင်ရှင်တွေဆီက လယ်ယာမြေတွေကို ပြည်သူပိုင်အဖြစ် လျော်ကြေးပေး သိမ်းယူပြီးတော့ တကယ်လယ်ယာလုပ်သူတွေအား လုပ်ပိုင်ခွင့်ချထားပေးသလို ကျွန်တော်တို့တက်နေတဲ့ ထန်းပင်တွေကိုလည်း နိုင်ငံတော်အစိုးရက ထန်းပိုင်ရှင်တွေဆီက ပြည်သူပိုင်အဖြစ် လျော်ကြေးပေး သိမ်းယူပြီးတော့ ထန်းတက်သူများကိုသာ လွတ်လပ်စွာ လုပ်ပိုင်ထိုက်အနေနဲ့ ချထားဝေငှပေးပါရန် ဒီနေရာ ဒီညီလာခံကြီးမှာ တင်ပြ အကြံဉာဏ်ပေးပါတယ်"

ဤတစ်ကြိမ် ထောက်ခံလိုက်သည့် သြဘာလက်ခုပ်သံများမှာ ယခင်အကြိမ်များထက် ကျယ်လောင် ကြာရှည်လှသည်။ ဆက်၍ပြောမည့် ကိုအေးဆွေကပင် စောင့်ဆိုင်းနေရသည်။

"နောက် ပဥ္စမအနေနဲ့ တင်ပြမယ့်အချက်ကတော့ ထန်းသမား အကျိုးအခွင့် ကာကွယ်သည့်ဥပဒေပါပဲ။ ဘာ့ကြောင့်ဆိုရင် အခြားသော တောင်သူလယ်သမားများ အလုပ်သမားများမှာ သူတို့ တောင်သူလယ်သမားဆိုင်ရာဥပဒေ၊ အလုပ်သမားဆိုင်ရာဥပဒေ အစရှိတဲ့ သီးစားချထားရေးဥပဒေ၊ အခွင့်အရေး ကာကွယ်သည့်ဥပဒေတွေကို နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းပေးခဲ့လို့ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ထန်းသမားတွေအတွက်ကျတော့ ဘာဥပဒေမှ မရှိခဲ့ပါဘူး။ ဒါကြောင့်မို့လည်း ကျွန်တော်တို့ ထန်းသမားတွေမှာ တစ်ခါတစ်ရံ ထန်းပိုင်ရှင်နဲ့ အရှုပ်အရှင်းဖြစ်ရတဲ့အခါ တစ်ဖက်သတ် အနစ်နာခံခဲ့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ထန်းသမားတွေအတွက် ထန်းသမားအကျိုးအခွင့် ကာကွယ်သည့်ဥပဒေကိုလည်း ပြဋ္ဌာန်းပေးပါလို့ ဒီညီလာခံကြီးကနေပြီး နိုင်ငံတော်အစိုးရထံမှာ တင်ပြအကြံပေးပါတယ်။ (သြဘာသံများ)

"အခု နံပါတ် ၆ အဖြစ် တင်သွင်းမယ့် အချက်ကတော့ ဘုံစနစ်ဖြင့် ဘုံထန်းတောသတ်မှတ်ပြီးတော့ စုပေါင်းလုပ်တဲ့ စုပေါင်းထန်းလျက်ထုတ်လုပ်ဖို့ အကြောင်းပါပဲ။ ဒီအဆိုနဲ့ပတ်သက်လို့တော့ ယခု တက်ရောက်လာကြတဲ့ ထန်းသမားဦးကြီးများဟာ တိတိကျကျ လုပ်ဆောင်ချင်မှ လုပ်ဆောင်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ တကယ်လုပ်ရင် တကယ်ဖြစ်တယ်ဆိုတဲ့အကြောင်းကိုတော့ ကျွန်တော် ဝန်ခံပါရစေ။ ကျွန်တော်တို့ လက်ပံပင်ရွာက ထန်းသမားများကတော့ ဒီဘုံစနစ်နဲ့ ဘုံထန်းတောကို စုပေါင်းတက်ဖို့ အတိအကျ သတ်မှတ်ပြီးပါပြီ။ လာမယ့် ထဖိုကစပြီး စုပေါင်းတက်တော့မယ်ဆိုတာ ဒီနေရာက အစီရင်ခံပါရစေ။

"အဲဒီတော့ ဒီစနစ်လုပ်ငန်းအကြောင်းကို အခု တက်ရောက်လာကြတဲ့ ထန်းသမားဦးကြီးများ သဘောပေါက်အောင် အနည်းငယ်စီတော့ ရှင်းလင်းတင်ပြပါရစေ" ဟုဆိုကာ ကိုအေးဆွေသည် ပထမအဆင့်၊ ဒုတိယအဆင့်ရှိ စုပေါင်းထန်းလျက်ကျိုချက်ရေးလုပ်ငန်းများကို အသေးစိတ် ရှင်းပြသွားလေသည်။ ထို့နောက် ဆက်လက်ပြီး-

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"တောင်သူလယ်သမားများ၊ အလုပ်သမားများမှာ သူတို့ တောင်သူလယ်သမားဆိုင်ရာဥပဒေ၊ အလုပ်သမားဆိုင်ရာဥပဒေ အစရှိတဲ့ သီးစားချထားရေးဥပဒေ၊ အခွင့်အရေး ကာကွယ်သည့်ဥပဒေတွေကို နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းပေးခဲ့လို့ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ထန်းသမားတွေအတွက်ကျတော့ ဘာဥပဒေမှ မရှိခဲ့ပါဘူး။ ဒါကြောင့်မို့လည်း ကျွန်တော်တို့ထန်းသမားတွေမှာ တစ်ခါတစ်ရံ ထန်းပိုင်ရှင်နဲ့ အရှုပ်အရှင်းဖြစ်ရတဲ့အခါ တစ်ဖက်သတ် အနစ်နာခံခဲ့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ထန်းသမားတွေအတွက် ထန်းသမား အကျိုးအခွင့် ကာကွယ်သည့်ဥပဒေကိုလည်း . . ."**

# ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဝိဒ (ဝစီပိတ်ဆရာတော်)၏ ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာအခမ်းအနား ကျင်းပ

ကျိုင်းတုံ မေ ၁၄

ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဝိဒ (ဝစီပိတ်ဆရာတော်)၏ (၆၆)နှစ်မြောက် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာကို မေ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော် ၆၇ ပါးတို့က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောဝိဒ(ဝစီပိတ်ဆရာတော်)အား ဓမ္မာရုံတွင် ဆုတောင်းတရားတော်များ၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့်ဇနီး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော် ၆၇ ပါးအား လှူဖွယ်ပစ္စည်းများ၊ အလှူငွေများ လောင်းလှူကြသည်။

ဆက်လက်၍ ဗုဒ္ဓဥယျာဉ်ရှိ ဓမ္မာရုံတွင် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ (ဝစီပိတ်ဆရာတော်)၏ (၆၆)နှစ်မြောက် ဝိဇာတမွေးနေ့ ဆုတောင်းအတွက် ဆရာတော်၊ သံဃာတော်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မူဆယ်မြို့ တောင်တန်းသာသနာပြု ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တသုခမိန္ဒထံမှငါးပါး သီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ရွတ်ပွားပူဇော်သည်။ ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကောဝိဒ (ဝစီပိတ်ဆရာတော်)အား အလှူငွေများ လှူဒါန်းသည်။ ထို့နောက် မူဆယ်မြို့ တောင်တန်းသာသနာပြု ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တ သုခမိန္ဒထံ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ (ဝစီပိတ်ဆရာတော်)က ရွှေမိုး၊ ငွေမိုးများရွာသွန်းပေးသည်။

ယင်းနောက်ဆရာတော်၊ သံဃာတော်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ဇနီး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ် နီလင်းအောင်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မော်လမြိုင်မြို့နှင့် မုဒုံမြို့နယ်တို့၌ နှစ်ရှည်ပင်များ သုတေသနလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဦးစီးဌာန (ဖားအောက်)သို့ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နှစ်ရှည်သီးနှံပင်များ သုတေသနလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက် ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မုဒုံမြို့နယ် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ဂျုံးဂျုံးကျ စိုက်ကွက်)နှင့် ဆီအုန်းသုတေသနလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရှင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၄၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၁၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၁၅ ရက်မှ မေ ၂၁ ရက် အထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၄၂၀ ဖြစ်သည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ပြင်ဦးလွင် မေ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အဆိုပါအသင်း၌ ကျင်းပသည်။ အစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ နှင့်ဝန်ထမ်းများ၊ အသင်းဥက္ကဋ္ဌနှင့်အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသား အသင်းသူများ တက်ရောက်ခဲ့သည်။ အသင်းမှ အသင်းသား အသင်းသူများအား စုဆောင်းငွေပေါ် အတိုးနှင့် အစုပေါ် အမြတ် စုစုပေါင်း ငွေကျပ် ၂၃၅ သိန်းကျော်နှင့် စမ်းဝတီ နို့ဆီဘူး ၇၀၀ ကျော်ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပေါင်မြို့နယ် ပဒုမ္မာ(ရာဘာ)စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ပေါင် မေ ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ် ပဒုမ္မာ(ရာဘာ)စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နတ်ကြီးချောင်ကျေးရွာရှိ စက်မှု(၂)ရုံးခန်း၌ ကျင်းပသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းဥက္ကဋ္ဌ၊ အသင်းအမှုဆောင်များနှင့် အသင်းသူ အသင်းသားများ တက်ရောက်သည်။

အသင်းမှ အသင်းသား ၁၀၇ ဦးအား စုဆောင်းငွေပေါ် အတိုး၊ အစုပေါ်အမြတ်နှင့် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၂၅ သိန်းကျော်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အသင်းလုပ်ငန်းများအား ကြိုးစားဆောင်ရွက်ခဲ့သည့် အမှုဆောင်ခုနစ်ဦးနှင့် အသင်းသားစာရင်းစစ် နှစ်ဦးတို့အား တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းစီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖

# (၅၅) ကြိမ်မြောက် အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန ကောင်စီအစည်းအဝေးအား မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ


**နေပြည်တော် မေ ၁၄**

မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်သည့် (၅၅) ကြိမ်မြောက် အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (SEAFDEC)၏ ကောင်စီအစည်းအဝေးကို အွန်လိုင်းစနစ်ဖြင့် မေ ၉ ရက်နှင့် ၁၁ ရက်တို့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရုံးအမှတ် (၃၆) ငါးလုပ်ငန်းဦးစီးဌာန VMS Center အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် SEAFDEC ကောင်စီ အလှည့်ကျဥက္ကဋ္ဌအဖြစ် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်အား ရွေးချယ်ခြင်း၊ SEAFDEC အထွေထွေအတွင်းရေးမှူးချုပ်က ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းရပ်များနှင့်စပ်လျဉ်း၍ အစီရင်ခံတင်ပြခြင်း၊ (၄၅) ကြိမ်မြောက် SEAFDEC စီမံကိန်းကော်မတီအစည်းအဝေး၏ရလဒ်များ တင်ပြခြင်းနှင့် (၂၅) ကြိမ်မြောက် ASEAN-SEAFDEC မဟာဗျူဟာ မိတ်ဖက်ငါးလုပ်ငန်းအတိုင်ပင်ခံအဖွဲ့ (FCG/ASSP) အစည်းအဝေး၏ရလဒ်များကို တင်ပြသည်။

အစည်းအဝေးတွင် တရားမဝင် ငါးဖမ်းဆီးမှု တိုက်ဖျက်ရေးနှင့် စောင့်ကြည့်ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံဒေသတွင်း ရေပေါ်လွှာနေ ကျူနာ ငါးမျိုးစိတ်အား ရေရှည်ထုတ်ယူ စားသုံးနိုင်ရေး ဒေသတွင်းလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များ CITES နှင့် ဆက်စပ်သည့် ကိစ္စရပ်များနှင့် အရှေ့တောင်အာရှ ဒေသတွင်း အဏ္ဏဝါရှိ အပျက်အစီး အပိုင်းအစများနှင့် စွန့်ပစ်ပျောက်ဆုံး ငါးဖမ်းကိရိယာများ(ALDFG) တားဆီးတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ SEAFDEC အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကောင်စီဒါရိုက်တာများ၊ အဖွဲ့ဝင်များနှင့်အတူ SEAFDEC အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် SEAFDEC ဌာနခွဲများမှ ကိုယ်စားလှယ်များနှင့် Food and Agriculture Organization of United Nations (FAO) တို့မှ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ရေတာရှည်မြို့နယ်၌ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရေတာရှည် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ သဘာဝဘေးနောက်ဆက်တွဲဖြစ်တတ်သည့် မသန့်ရှင်းသော ရေများကြောင့် ဖြစ်ပွားတတ်သော ရောဂါများ ကြိုတင်ကာကွယ်ရန်၊ ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် အတွက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး



လုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ ပူးပေါင်း၍ ယမန်နေ့ နံနက် ၉ နာရီ၌ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် သဘာဝဘေး နောက်ဆက်တွဲ ဖြစ်တတ်သည့် မသန့်ရှင်းသောရေများကြောင့် ဖြစ်ပွားတတ်သောရောဂါများ ကြိုတင်ကာကွယ်ရန်အတွက် သန့်ရှင်းသော သောက်သုံးရေရရှိစေရေး၊ မိုးဦးရာသီအကြိုကာလ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန်အတွက် ပိုးလောက်လန်းများနှင့် ခြင်များ အလွယ်တကူပေါက်ပွားနိုင်သည့် ရေစပ်ရေအိုင်များ၊ ရေတွင်းရေကန်များ၊ ကြာရှည်သိုလှောင်ထိန်းသိမ်းထားနိုင်သည့် ရေပုံးများအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိပညာပေး ပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံခြားကုမ္ပဏီများသည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-3 ဧရိယာတွင် Pre Construction Survey လုပ်ငန်းများအား M.V FUGRO EQUATOR ဖြင့် Pre Construction Survey ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၂ မိနစ် ၅၂.၅၄၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅ မိနစ် ၃၈.၈၀၉၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၂ မိနစ် ၅၅.၀၀၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၂ မိနစ် ၄၉.၃၉၀၅ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၁၁.၂၅၅၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅ မိနစ် ၄၃.၃၉၀၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၁၃.၆၇၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၂ မိနစ် ၅၁.၆၈၁၂ စက္ကန့်တို့အတွင်းတွင် ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-3 ဧရိယာတွင် SHWE Phase 4 Development Project အရ Pre Construction Survey လုပ်ငန်းများအား M.V FUGRO EQUATOR ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၂-၅-၂၀၂၃)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၂၃ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သင်္ဘောဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အလေးမအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ရိုးရာလှေလှော်အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ပိုက်ကျော်ခြင်းအားကစားနည်းမှ ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

ကမ္ဘောဒီးယား မေ ၁၄

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အလေးမအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ရိုးရာလှေလှော်အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ပိုက်ကျော်ခြင်း အားကစားနည်းမှ ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Olympic Taekwondo Hall ၌ ယမန်နေ့က ကျင်းပသည့် အလေးမအားကစားနည်း အမျိုးသမီး ၄၅ ကီလိုတန်း ပြိုင်ပွဲတွင် မြန်မာ၊ ဖိလစ်ပိုင်၊ လာအို၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မဇင်မေဦးက ပထမ ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Perk Kampot, Kampot City, Kampot Province ၌ ကျင်းပသည့် ရိုးရာလှေလှော် အားကစားနည်း အသက် ၂၄ နှစ်အောက် အမျိုးသား ငါးတက်လှော် မီတာ ၂၅၀ ပြိုင်ပွဲတွင် မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်ခန့်ဇော်အောင်၊ မောင်ပြည့်စုံအောင်၊ မောင်သက်ပိုင်ဖြိုး၊ မောင်စောနိုင်လင်းကျော်၊ မောင်တင်ကိုကို၊ မောင်အောင်ဖြိုးဟိန်းနှင့် မောင်မျိုးဆွေတို့ အတွဲက ပထမရွှေတံဆိပ်ဆုနှင့် အသက် ၂၄ နှစ်အောက် (အမျိုးသား/အမျိုးသမီး) ၁၂ တက်လှော် မီတာ ၂၅၀ ပြိုင်ပွဲတွင် ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ မောင်မြတ်မင်းထွန်း၊ မောင်မျိုးလှိုင်ဝင်း၊ မောင်မျိုးဆွေ၊ မောင်ပြည့်ဖြိုးသန့်၊ မောင်စောကောင်းကောင်းစံ၊ မောင်ဇော်ဇော်ထွန်း၊ မောင်အောင်ဖြိုးဟိန်း၊ မောင်ရှိုင်းဝေလင်း၊ မဖြူဖြူအောင်၊ မစိုးစန္ဒာ၊ မစုစုလွင်၊ မသီတာဦး၊ မဖြိုးဝေလွင်နှင့် မစိုးစိုးကျော်တို့အတွဲက ဒုတိယငွေတံဆိပ်ဆုကို လည်းကောင်း၊ Basketball Hall NSTC ၌ ကျင်းပသည့် ပိုက်ကျော်ခြင်းအားကစားနည်း အမျိုးသားနှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် အင်ဒိုနီးရှား၊ မြန်မာ၊ လာအို၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာနိုင်ငံမှ မောင်အောင်မျိုးဆွေ၊ မောင်သန့်ဇင်ဦး၊ မောင်အောင်မျိုးနိုင်၊ မောင်ဝေလင်းအောင်၊ မောင်ဇင်ကိုကို၊ မောင်ရှိန်းဝဏ္ဏဇော်၊ မောင်စစ်လင်းထွဋ်၊ မောင်သန်းဇော်ဦးနှင့် မောင်အောင်ဇော်တို့အတွဲက ဒုတိယငွေတံဆိပ်ဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။




ထို့ပြင် Aeon Hall, Aeon Mall Sen Sok ၌ ကျင်းပသည့် ဘိလိယက်နှင့် စနူကာ အားကစားနည်း Men’s 9 Ball Pool Double အကြိုဗိုလ်လုပွဲ၌ မြန်မာနိုင်ငံမှ မောင်မောင်(ခ) ဘုန်းမြင့်ကျော်နှင့် မောင်သော်ဇင်ထက်တို့အတွဲက ဖိလစ်ပိုင်နိုင်ငံနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ရလဒ် ၉ ပွဲ ၇ ပွဲဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် မလေးရှားနိုင်ငံနှင့် ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၃ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပိုက်ကျော်ခြင်း၊ E-sports၊ ကြက်တောင်၊ ဘိလိယက်၊ ရိုးရာလှေ၊ အလေးမ၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ဘော်လီဘောနှင့် ဘောလုံးအားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင် ကစားခဲ့ရာ ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်နှစ်ခု ထပ်မံရရှိခဲ့သည်။

မေ ၁၄ ရက် ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရိုးရာလှေ၊ E-Sports၊ ပိုက်ကျော်ခြင်း၊ ခရစ်ကက်၊ ဘော်လီဘော၊ ဂျူဒို၊ ဘိလိယက်၊ အလေးမ၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ် (အားနစ်)အားကစားနည်းများတွင် မြန်မာနိုင်ငံမှ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်းနှင့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယနေ့အထိ မြန်မာနိုင်ငံမှ ရွှေတံဆိပ် ၁၇ ခု၊ ငွေတံဆိပ် ၁၆ ခုနှင့် ကြေးတံဆိပ် ၄၈ ခု စုစုပေါင်း ဆုတံဆိပ် ၈၁ ခု ဆွတ်ခူးရရှိထားပြီး ဖြစ်ကြောင်း သိရသည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယား နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ အားကစားပြိုင်ပွဲများသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးလျက်ရှိပြီး ယမန်နေ့ညပိုင်းက Olympic Stadium ၌ ကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကို လည်း သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကလောမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာ ရွေးချယ်ပွဲအခမ်းအနား ကျင်းပ

ကလော မေ ၁၄

ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာ ရွေးချယ်ပွဲ အခမ်းအနားကိုမေ ၁၂ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက အဖွင့်အမှာစကားနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကျေးရွာရွေးချယ်ပွဲ အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်း အရာများနှင့် ကျေးရွာရွေးချယ်ရေး စံသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။



ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်ဦးစီးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျေးရွာရွေးချယ်ရေး စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ရွာတော်ကျေးရွာ၊ ကမ္ဘာနီတောင်ကျေးရွာ၊ ဘုရားဦးကျေးရွာ၊ သစ်အယ်တစ်ကျေးရွာ၊ ဈေးကုန်းကျေးရွာ၊ နန်းရုပ်ကျေးရွာ၊ တင်ကြီးကြပ်ကျေးရွာ၊ လမိုင်းရွာမကျေးရွာနှင့်တောင်ကုန်းကျေးရွာ စုစုပေါင်းကျေးရွာ ကိုးရွာကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

၂၂၂

## ဓာတ်ခွဲနမူနာစုစုပေါင်း ၇၈၃၁ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၄-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၅-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၃၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၁၀,၈၃၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၇,၂၄၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်ပြန်လည်ကောင်းမွန်လာသူ (၁၃၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၉၉၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



## မိုင်းပန်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ကျင်းပ

မိုင်းပန် မေ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် မိုင်းပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ပန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မိုင်းပန်မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များဖြစ်သော လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍများကို တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်နန်းလဲ့လဲ့မွန်က စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နည်းပြအပြောင်းအလဲများတဲ့ ချယ်လ်ဆီးနဲ့အတူ ပိုချက်တီနို ဘယ်လောက်စွမ်းဆောင်နိုင်မလဲ



ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းဟာ စပါးအသင်းနည်းပြဟောင်းတစ်ဦးဖြစ်တဲ့ ပိုချက်တီနိုကို အသင်းနည်းပြသစ်အဖြစ်ခန့်အပ်ဖို့ သဘောတူညီမှုရရှိထားပြီဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ချယ်လ်ဆီးအသင်းက အသင်းရဲ့ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဖရန့်လမ်းပတ်ကို ရာသီကုန်အထိ ကိုင်တွယ်စေမှာဖြစ်ပြီး အသစ်ခန့်အပ်ဖို့ သဘောတူညီထားတဲ့ ပိုချက်တီနိုကတော့ နွေရာသီကာလမှာ စတမ်းဖို့ဒ်ဘရစ်ချ်ကို ရောက်ရှိလာမှာဖြစ်ပါတယ်။

ပိုချက်တီနိုဟာ ၂၀၂၁-၂၀၂၂ ခုနှစ်ဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့တာဖြစ်ပြီး ဆောက်သမ်တန် အသင်းနည်းပြအဖြစ်လည်း တာဝန်ယူခဲ့ဖူးတာဖြစ်ပါတယ်။ အသက် ၅၁ နှစ်အရွယ်ရှိ ပိုချက်တီနိုဟာ ၂၀၁၄ ခုနှစ်မှစတင်ကာ ငါးနှစ်ကြာအထိ စပါးအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပြီး ၂၀၁၉ ခုနှစ်မှာတော့ စပါးအသင်းကို ချန်ပီယံလိဂ်ဖိုင်နယ်ပွဲအထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ ယခုနှစ်အတွင်းမှာ အမြဲတမ်းနည်းပြတွေဖြစ်တဲ့ သောမက်တူချယ်နဲ့ ဂရေဟမ်ပေါ်တာတို့ကို နည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့ပါတယ်။ ချယ်လ်ဆီးပရိသတ်တွေကတော့ ချန်ပီယံလိဂ်ဖလားရယူပေးခဲ့တဲ့ နည်းပြတူချယ်ကို ယခုချိန်အထိ လွမ်းဆွတ်သတိရနေဆဲပင်ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ပိုချက်တီနိုကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်တော့မှာဖြစ်တဲ့ အတွက် ပိုချက်တီနိုဟာ ချယ်လ်ဆီးအသင်းရဲ့ ငါးနှစ်တာကာလအတွင်း ခြောက်ဦးမြောက်အမြဲတမ်းဖြစ်လာတော့မှာ ဖြစ်ပါတယ်။

ဖရန့်လမ်းပတ်ကတော့ ချယ်လ်ဆီးအသင်းက နည်းပြဂရေဟမ်ပေါ်တာကို ထုတ်ပယ်ခဲ့ပြီးနောက် ဧပြီလ အစပိုင်းမှာ စတမ်းဖို့ဒ်ဘရစ်ချ်ရဲ့ ယာယီနည်းပြတာဝန်ကို စတင်ထမ်းဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအတွက်တော့ အခုဘောလုံးရာသီဟာ အခက်အခဲဆုံးရာသီဖြစ်ခဲ့ပြီး အက်ဖ်အေဖလားနဲ့ ကာရာဘောင်ဖလားပြိုင်ပွဲတွေမှာ တတိယအဆင့်နဲ့ပဲ ပြိုင်ပွဲကို နှုတ်ဆက်ခဲ့ရသလို ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ကွာတားဖိုင်နယ်အဆင့်မှာ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ပြိုင်ပွဲကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

ဒါ့ပြင် ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ရလဒ်မကောင်းခဲ့တာကြောင့် အမှတ်ပေးဇယား ၁၁ နေရာမှာ ရပ်တည်လျက်ရှိတာကြောင့် လာမယ့်ဘောလုံးရာသီမှာလည်း ဥရောပဝင်ခွင့်တစ်နေရာရရှိဖို့ မသေချာတော့ပါဘူး။ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ရှစ်ပွဲမှာတောင် တစ်ပွဲသာနိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ချယ်လ်ဆီးအသင်းအနေနဲ့ အခုနှစ်ဘောလုံးရာသီမှာ ဆုဖလားလက်မဲ့ဖြစ်ခဲ့ရတဲ့အပြင် လာမယ့်ဘောလုံးရာသီမှာ ဥရောပဝင်ခွင့်ဆုံးရှုံးခဲ့ရတာကြောင့် အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ဖို့ စပါးအသင်း နည်းပြဟောင်း ပိုချက်တီနိုကို ခေါ်ယူဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

ပိုချက်တီနိုဟာ ၂၀၁၅ ခုနှစ်မှာ စပါးအသင်းကို ကာရာဘောင်ဖလားဖိုင်နယ်ပွဲရောက်အောင် စွမ်းဆောင်နိုင်ခဲ့သလို ၂၀၁၆-၂၀၁၇ ဘောလုံးရာသီကုန်ဆုံးချိန်မှာလည်း ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်း နည်းပြအဖြစ် တာဝန်ယူခဲ့ရတဲ့ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီမှာလည်း ပီအက်စ်ဂျီအသင်းကို ပြင်သစ်ပထမတန်း ဖလားရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေမယ့် အမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ချယ်လ်ဆီးအသင်းနည်းပြဖြစ်လာမယ့် ပိုချက်တီနိုအနေနဲ့ ပရီမီယာလိဂ် တစ်ကျော့ပြန်ခရီးမှာ စတမ်းဖို့ဒ်ဘရစ်ချ်အတွက် ဘယ်လိုအကောင်းဆုံး စွမ်းဆောင်ပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။



## အဲဗာတန်ကို အနိုင်ရပြီး သုံးနှစ်ဆက်ချန်ပီယံဖြစ်ဖို့ နီးစပ်လာတဲ့ မန်စီးတီး

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၃၅ အဖြစ် မေ ၁၄ ရက် ညပိုင်းမှာ အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ဆုဖလားကို သုံးနှစ်ဆက်ဆွတ်ခူးနိုင်ဖို့ နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

အဲဗာတန်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၃၇ မိနစ်နဲ့ ၅၁ မိနစ်တို့မှာ ဂန်ဒိုဂန်ကနှစ်ဂိုး၊ ၃၉ မိနစ်မှာ ဟာလန်းကတစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး ဟာလန်းဟာ အခုပွဲစဉ် မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အခုဘောလုံးရာသီမှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုး ၅၂ ဂိုးရှိလာခဲ့ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၃၅ ပွဲကစားပြီးချိန်မှာ ရမှတ် ၈၅ မှတ်ရရှိထားကာ ဇယားထိပ်မှာ ဆက်လက်ဦးဆောင်လျက်ရှိပြီး လက်ကျန်ပွဲစဉ်သုံးပွဲမှာ ရမှတ်ခြောက်မှတ်ထပ်မံစုဆောင်းနိုင်ခဲ့မယ်ဆိုရင် သုံးနှစ်ဆက်ချန်ပီယံဖြစ်မယ့်အခွင့်အရေးတစ်ရပ် ပိုင်ဆိုင်တော့မှာဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ ပရီမီယာလိဂ်လက်ကျန်ပွဲစဉ်တွေကတော့ ချယ်လ်ဆီး၊ ဘရိုက်တန်၊ ဘရန်းဖို့ဒ်စတဲ့ အသင်းတွေနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး လက်ရှိအချိန်မှာ ဘောလုံးရာသီတစ်ရာသီအတွင်း ဖလားသုံးလုံးရရှိမယ့် လမ်းကြောင်းပေါ်မှာ ရှိနေတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လာမယ့်လအတွင်းမှာ အက်ဖ်အေဖလားဖိုင်နယ်ပွဲကစားရမှာဖြစ်သလို မေ ၁၇ ရက်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ဒုတိယအကျော့ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်းဟာ ဘရိုက်တန်အသင်းမှ အီကွေဒေါ်ကွင်းလယ်ကစားသမား ကိုင်စီဒိုအား နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ပြောင်းရွှေ့ကြေးပေါင်သန်း ၇၀ နဲ့ ခေါ်ယူဖို့ အသင့်ဖြစ်နေပြီ ဖြစ်တယ်လို့ သိရပါတယ်။
- အဲဗာတန်အသင်းဟာ အခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲကနေ တန်းဆင်းခဲ့ရပါက ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား အိုနားနားကို ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ နဲ့ ရောင်းချသွားမှာဖြစ်တယ်လို့ သိရပါတယ်။
- ဘာစီလိုနာအသင်းဟာ ဝုလ်ဗက်အသင်းမှ အသက် ၂၆ နှစ်အရွယ်ရှိ ပေါ်တူဂီကွင်းလယ်ကစားသမား ရူဘင်နီဗက်စ်ကို စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- အက်စ်တွန်ဗီလာအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား အဆန်စီယိုနဲ့ ဘာစီလိုနာအသင်းမှ စပိန်တိုက်စစ်မှူး ဖာရန်တောရက်စ်တို့ကို ခေါ်ယူဖို့ ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- မန်ယူအသင်းဟာ ဝက်စ်ဟမ်းအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူဖို့ ပြင်ဆင်လျက်ရှိပြီး ဒီကလန်ရိုက်အနေနဲ့ အာဆင်နယ်အသင်းကိုသာ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။
- ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့ဟာ အက်စ်တွန်ဗီလာအသင်းမှ အာဂျင်တီးနားဂိုးသမား မာတီနက်ဇ်ကို ခေါ်ယူဖို့ စီစဉ်လျက်ရှိပြီး ဂိုးသမားသစ်ရှာဖွေဖို့ ပြင်ဆင်နေတဲ့ စပါးအသင်းကလည်း မာတီနက်ဇ်ကို ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- ချယ်လ်ဆီးအသင်းဟာ အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘရာဇီးနောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားကို နွေရာသီကာလအတွင်းမှာ အသင်းကနေထွက်ခွာခွင့်ပြုမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။
- ဒေါ့မွန်အသင်းမှ အသက် ၁၉ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ဘယ်လင်ဂမ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီမှုရရှိထားပြီဖြစ်တယ်လို့ သိရပါတယ်။

ငွေကြြယ် - ရေးသားသည်

# ဆီးဂိမ်း Pool 9 Ball နှစ်ယောက်တွဲပြိုင်ပွဲတွင် ဘုန်းမြင့်ကျော်နှင့် သော်ဇင်ထက်အတွဲ ရွှေတံဆိပ်ဆုရရှိ

**ရန်ကုန် မေ ၁၄**

(၃၂) ကြိမ်မြောက် ဆီးဂိမ်း Pool 9 Ball နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၁၄ ရက်က ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှ ဘုန်းမြင့်ကျော် (ခ) မောင်မောင် (ခ) အားတီနှင့် သော်ဇင်ထက်အတွဲက ရွှေတံဆိပ်ဆုရရှိခဲ့သည်။

ဗိုလ်လုပွဲတွင် မြန်မာနှင့် မလေးရှားအတွဲ ယှဉ်ပြိုင်ကစားရာ ဘုန်းမြင့်ကျော်နှင့် သော်ဇင်ထက်အတွဲက ၉-၃ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအတွဲသည် လက်ရည်အသာဖြင့် တောက်လျှောက် အသာစီးမှ ထိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲယ်သုံးပွဲဆက်တိုက် အနိုင်ရရှိခဲ့သလို စတုတ္ထပွဲငယ်တွင် မလေးရှားအတွဲက ပြန်လည်အနိုင်ရရှိသော်




Pool 9 Ball နှစ်ယောက်တွဲပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ဘုန်းမြင့်ကျော်နှင့် သော်ဇင်ထက်အတွဲ။

လည်း ပဉ္စမပွဲငယ်မှ နဝမပွဲငယ်အထိ ဆက်တိုက်အနိုင်ရသဖြင့် ၈-၁ ပွဲဖြင့် အပြတ်အသတ် ဦးဆောင်နိုင်ခဲ့သည်။ မလေးရှားအတွဲသည် ပွဲငယ်နှစ်ပွဲ ပြန်အနိုင်ရသော်လည်း ၁၂ ပွဲမြောက် ပွဲငယ်တွင် မြန်မာအတွဲက အနိုင်ရရှိကာ ရွှေတံဆိပ်ဆုရခဲ့ခြင်းဖြစ်သည်။ မြန်မာအတွဲသည် ကွာတားဖိုင်နယ်တွင် ဘရူနိုင်းအတွဲကို ၉-၇ ပွဲ၊ ဆီမီးဖိုင်နယ်တွင် ဖိလစ်ပိုင်အတွဲကို ၉-၇ ပွဲ၊ ဗိုလ်လုပွဲတွင် မလေးရှားအတွဲကို ၉-၃ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်း ဘိလိယက်အားကစားနည်းကို မေ ၇ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာဘိလိယက်အဖွဲ့က ရွှေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် အအောင်မြင်ဆုံးဖြစ်ခဲ့သည်။ မြန်မာအသင်းနောက်တွင် ဗီယက်နမ်အသင်းက ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးသုံးခု၊ အိမ်ရှင်ကမ္ဘောဒီးယားအသင်းက ရွှေနှစ်ခု၊ ကြေးသုံးခု၊ မလေးရှားအသင်းက ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု၊ ထိုင်းအသင်းက ရွှေတစ်ခု၊ ကြေးခြောက်ခု၊ လာအိုနှင့် စင်ကာပူအသင်းက ငွေနှစ်ခုစီ၊ ဖိလစ်ပိုင်အသင်းက ကြေးနှစ်ခု၊ အင်ဒိုနီးရှားအသင်းက ကြေးတစ်ခု ရရှိခဲ့သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MBSF**

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၄-၅-၂၀၂၃ (ည ၁၀:၀၀ နာရီ)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇ | ၈၂ | ၉၅ | ၂၈၄ |
| ၂။ | ထိုင်း | ၉၁ | ၆၇ | ၈၈ | ၂၄၆ |
| ၃။ | အင်ဒိုနီးရှား | ၇၀ | ၆၁ | ၈၀ | ၂၁၁ |
| ၄။ | ကမ္ဘောဒီးယား | ၆၅ | ၆၁ | ၁၀၃ | ၂၂၉ |
| ၅။ | ဖိလစ်ပိုင် | ၄၆ | ၇၂ | ၈၆ | ၂၀၄ |
| ၆။ | စင်ကာပူ | ၄၂ | ၃၆ | ၅၅ | ၁၃၃ |
| ၇။ | မလေးရှား | ၂၉ | ၄၁ | ၇၉ | ၁၄၉ |
| ၈။ | မြန်မာ | ၂၀ | ၁၉ | ၅၈ | ၉၇ |
| ၉။ | လာအို | ၆ | ၂၀ | ၅၁ | ၇၇ |
| ၁၀။ | ဘရူနိုင်း | ၂ | ၁ | ၆ | ၉ |
| ၁၁။ | တီမောလက်စ်တေ | ၀ | ၀ | ၈ | ၈ |

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာတိုက်ကွမ်ဒိုအဖွဲ့ ရွှေတစ်ခု၊ ကြေးနှစ်ခု ရရှိ

**ရန်ကုန် မေ ၁၄**

ဆီးဂိမ်းတိုက်ကွမ်ဒိုပြိုင်ပွဲ တတိယနေ့ကို မေ ၁၄ ရက်က ဆက်လက်ကျင်းပရာ မြန်မာတိုက်ကွမ်ဒိုအဖွဲ့က ရွှေတစ်ခု၊ ကြေးနှစ်ခု ထပ်မံရရှိခဲ့သည်။

ပြိုင်ပွဲတတိယနေ့တွင် အတိုက်ပွဲစဉ်များ ကျင်းပခဲ့ပြီး မြန်မာတိုက်ကွမ်ဒိုအဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသား ၈၇ ကီလိုတန်းအထက်ပြိုင်ပွဲတွင် ကျော်မင်းနိုင်က ရရှိခဲ့ခြင်းဖြစ်သည်။ ကျော်မင်းနိုင်သည် ဗိုလ်လုပွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားကစားသမား ဗန်ရီသီနှင့် တွေ့ဆုံခဲ့ပြီး အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ကြေးတံဆိပ်ဆုများကို အမျိုးသား (-၇၄ ကီလိုတန်း) ပြိုင်ပွဲတွင် မြင့်ကိုကိုနှင့် အမျိုးသမီး(+၇၃ ကီလိုတန်း) ပြိုင်ပွဲတွင် မိုးပွင့်ဖြူတို့က ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာတိုက်ကွမ်ဒိုအဖွဲ့သည် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် လေးခု ရရှိထားပြီး ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။



ရွှေတံဆိပ်ဆုရခဲ့သည့် ကျော်မင်းနိုင်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MTF**

# ဆီးဂိမ်း ဂျူဒိုပြိုင်ပွဲတွင် မြန်မာဂျူဒိုအဖွဲ့ ငွေတစ်ခု၊ ကြေးနှစ်ခု ရရှိ

**ရန်ကုန် မေ ၁၄**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဂျူဒိုပြိုင်ပွဲ ဒုတိယနေ့ကို မေ ၁၄ ရက်က ဆက်လက်ကျင်းပရာ မြန်မာဂျူဒိုအဖွဲ့ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာဂျူဒိုအဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီး (-၅၇ ကီလိုတန်း)တွင် ခြူးမြတ်နိုးဝေ၊ ကြေးတံဆိပ်ဆုများကို အမျိုးသား (-၅၅ ကီလိုတန်း)တွင် ထိုက်ထိုက်ကျော်၊ အမျိုးသမီး (-၇၀ ကီလိုတန်း) တွင် ဖြိုးဆွေဇင်ကျော်တို့က ရရှိခဲ့သည်။ အမျိုးသမီး (-၅၇ ကီလိုတန်း) ဗိုလ်လုပွဲတွင် ခြူးမြတ်နိုးဝေနှင့် ဖိလစ်ပိုင်ကစားသမား ရီနာတို့ တွေ့ဆုံခဲ့ပြီး ခြူးမြတ်နိုးဝေ အရေးနိမ့်ခဲ့သဖြင့် ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ဂျူဒိုပြိုင်ပွဲ တတိယနေ့ကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ဆီးဂိမ်း Arnis ပြိုင်ပွဲ ပထမနေ့တွင် မြန်မာ Arnis အဖွဲ့ ရွှေတံဆိပ် စတင်ဆွတ်ခူး

**ရန်ကုန် မေ ၁၄**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ Arnis ပြိုင်ပွဲ ပထမနေ့ကို မေ ၁၄ ရက်က စတင်ကျင်းပရာ မြန်မာ Arnis အဖွဲ့ ရွှေတံဆိပ်ဆု စတင်ဆွတ်ခူးရရှိခဲ့သည်။




ရွှေတံဆိပ်ဆုရရှိခဲ့သည့် စည်သူမောင်။

မြန်မာ Arnis အဖွဲ့သည် ပထမနေ့တွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးသား (၅၅-၆၀) ကီလိုတန်း ဖော့တုတ်ပြိုင်ပွဲတွင် စည်သူမောင်က ဗီယက်နမ်ကစားသမားကို အနိုင်ရပြီး ရွှေတံဆိပ်ဆုရရှိခဲ့သည်။ အမျိုးသမီး (-၅၀) ကီလိုတန်း ဖော့တုတ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မိုးမိုးအေးက ဖိလစ်ပိုင်ကစားသမားကို အရေးနိမ့်ပြီး ငွေတံဆိပ်ဆုရယူနိုင်ခဲ့ပြီး ကြေးတံဆိပ်ဆုကိုမူ အမျိုးသမီး (၅၀-၅၅) ကီလိုတန်း ဖော့တုတ်ပြိုင်ပွဲတွင် သန္တာခိုင်က ရယူနိုင်ခဲ့သည်။

Arnis ပြိုင်ပွဲကို မေ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ- အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

**❖ ဆီးဂိမ်း အမျိုးသမီးမှ**

ည ၇ နာရီတွင် ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကစားမည့်အသင်းများမှာ တစ်အုပ်စုတည်း ကျရောက်ခဲ့သည့်အသင်းများဖြစ်ပြီး အုပ်စုတွင်းတွေ့ဆုံရာတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို သုံးဂိုး-တစ်ဂိုး၊ ထိုင်းအသင်းက ကမ္ဘောဒီးယားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဆီးဂိမ်းဗိုလ်လုပွဲသို့ လေးကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဗီယက်နမ်အသင်းမှာမူ ကိုးကြိမ်မြောက် တက်ရောက်လာခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၁၉၉၇၊ ၂၀၀၃ နှင့် ၂၀၀၅ ပြိုင်ပွဲတို့တွင် တက်ရောက်ခဲ့သော်လည်း သုံးကြိမ်စလုံး ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသဖြင့် ယခုအကြိမ်တွင် ပထမဆုံးရွှေတံဆိပ်ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# မြန်မာ့ရိုးရာလှေအဖွဲ့ ငွေတစ်ခု၊ ကြေးနှစ်ခု ထပ်မံရရှိ

**ရန်ကုန် မေ ၁၄**

ဆီးဂိမ်း ရိုးရာလှေပြိုင်ပွဲ ဒုတိယနေ့ကို မေ ၁၄ ရက်က ဆက်လက်ကျင်းပရာ မြန်မာ့ရိုးရာလှေအဖွဲ့က ငွေတစ်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲ ဒုတိယနေ့တွင် ပြိုင်ပွဲအမျိုးအစား လေးမျိုးထည့်သွင်းကျင်းပပြီး မြန်မာ့ရိုးရာလှေအဖွဲ့က ပြိုင်ပွဲသုံးမျိုးယှဉ်ပြိုင်ရာ သုံးမျိုးစလုံး ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မီတာ ၅၀၀ ယူ-၂၄ အမျိုးသား+အမျိုးသမီး ၁၂ တက်လှော်ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယ၊ ကမ္ဘောဒီးယားအသင်းက တတိယ၊ မီတာ ၅၀၀ ယူ-၂၄ အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲတွင် ထိုင်းအသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယ၊ မြန်မာအသင်းက တတိယ၊ မီတာ ၅၀၀ အလွတ်တန်း အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယ၊ မြန်မာအသင်းက တတိယ ရရှိသည်။

ပြိုင်ပွဲဒုတိယနေ့အပြီးတွင် မြန်မာ့ရိုးရာလှေအဖွဲ့က ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ရရှိထားပြီး မေ ၁၅ ရက်တွင် ပြိုင်ပွဲမရှိဘဲ နောက်ဆုံးနေ့ကို မေ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MRF**



## လဟယ်မြို့၌ ဒေသအဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကျင်းပ

လဟယ် မေ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များအား ဖော်ထုတ်ရန်ရည်ရွယ်၍ ဒေသအဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးနေမင်းသူက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး နာဂဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းမိုးက သုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လဟယ်မြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ်တို့ရှိ ကျေးရွာ ၃၃ ရွာမှ တက်ရောက်လာကြသော မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကို အပြန်အလှန် အကြံပြုဆွေးနွေးခဲ့ကြပြီး ဒုတိယညွှန်ကြားရေးမှူးနှင့် ဒေသအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အကြံပြုချက်များအပေါ် ပိုင်းဝန်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ဂျဂျ

## မြန်မာအမျိုးသမီး ဘောလုံးအသင်း ယှဉ်ပြိုင်မည့် ဖိုင်နယ်ပွဲနှင့်အတူ တတိယလုပွဲအား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၄

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဖိုင်နယ်ပွဲ ပွဲစဉ်များကို မေ ၁၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်။

မွန်းလွဲ ၃ နာရီခွဲတွင် ကမ္ဘောဒီးယားအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့၏ တတိယနေရာလုပွဲ ယှဉ်ပြိုင်မှုကိုလည်းကောင်း၊ ည ၇ နာရီတွင် မြန်မာအမျိုးသမီးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ပွဲများကို MRTV –HD ၊ MRTV Sports ၊ MRTV Parliament ၊ MRTV Farmers' Channel ၊ မြန်မာ့အသံရေဒီယိုနှင့် Online တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ရာ MRTV–HD ၏ ပုံမှန် ည ၈ နာရီသတင်းကို ည ၉ နာရီမှသာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြမ်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အောင်စည်သာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေကြာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ထေရဝါဒ ဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိမဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီကျောင်းတိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ပညာပါရမီကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလိုတ်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မန်ကျည်းတောကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ပင်လယ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ဓမ္မဝိဟာရပထမကျော်ကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရတနာမဂ္ဂလျှကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရတနာပုံကျောင်းတိုက်တို့သို့ ဆန်ကြမ်းများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### ပြင်ဆင်ဖတ်ရှုပါရန်

၁၄–၅–၂၀၂၃ ရက်၊ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၁)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်မိုးခင်အိ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဦးလမင်းဝင်း[၂/လကန(နိုင်)၀၅၄၆၈၁]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အားကစားမြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်

မူးယစ်ဆေး

### ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ်– ၇၉ ဟု ခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၃ H၊ မြေကွက်အမှတ်–V၅၅၊ ဧရိယာ ( ၀.၀၃၀ ) ဧကအကျယ်ရှိ ဒေါ်လှမြိုင် အမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသည့် ဆလိုင်းရန်နိုင်ဆွေ [၁၂/အလန(နိုင်)၀၂၇၅၆၇] + (၇)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်စောဦး**
**(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်–၆၇၀၂)**
**တိုက်အမှတ်–၂၁၄၊ Min Ye Kyaw Swar Residence,**
**အခန်း–၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

### အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၄)၊ မြေကွက်အမှတ်–၁၁၃၂၊ မြေဧရိယာ–(၀.၀၅၅)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ရှိ အိမ်အမှတ်–၁၁၃၂၊ အမျိုးသားလမ်း၊ ၄–ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင် ဒေါ်လှရင်(ISN–၁၁၁၂၉၄)ထံမှစာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူထားသူထံမှ (၂–၄–၂၀၂၃)ရက်စွဲပါ မြေနှင့်အိမ် အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်၊ (၅–၅–၂၀၂၃)ရက်စွဲပါ မြေနှင့်အိမ်အရောင်းအဝယ်ဒုတိယအရစ်ငွေပေးကတိစာချုပ်တို့ဖြင့် ထပ်ဆင့်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ယဉ်ယဉ်ဌေး (ဘ) ဦးမောင်မောင်တာ [၁၂/ရကန(နိုင်)၀၆၅၁၆၉]၊ အမှတ်–၂၆၇၊ ဓမ္မာရုံလမ်း၊ (၁၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၁၉၆)**
**အမှတ်–၁၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၁၅)**
**အမှတ်–၁၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၄၄၈၈၃၃၀**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

### ကန့်ကွက်နိုင်ပါသည်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ဆောက်လုပ်သော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ ဘုရင့်နောင်တာဝါ(၂)၊ စုပေါင်းအဆောက်အအုံ၏ (၁၄)ခန်းတွဲ (၁၂) ထပ်တိုက်ရှိ တတိယထပ်၊ အခန်းအမှတ်(၃၁၂)ဟုခေါ်တွင်သော ဒေါ်ချယ်ရီခိုင် အမည်ပေါက် တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်ထားပြီး မိမိသာလျှင် စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နှင်းဝါခိုင် [၉/စကန(နိုင်)၀၇၂၁၈၆] (ဒေါ်ချယ်ရီခိုင်၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဒေါ်မြတ်သီတာအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၅၁)**
**အမှတ် (၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၀၂၁၇၇၂၊ ၀၉–၇၉၉၂၅၈၂၀၂**

### အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်များဖြစ်ကြသော ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ တိုက်အမှတ်–၆၄၁/၆၄၃၊ (၃)လွှာနေ ဖခင် ဦးပန်[၁၂/ကမန(နိုင်)၀၀၃၈၇၀]၊ မိခင် ဒေါ်ခင်ဌေးမြင့်[၁၂/ကမန(နိုင်)၀၀၃၈၇၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ–

ကျွန်ုပ်တို့၏အမှုသည်များဖြစ်ကြသော ဦးပန်၊ ဒေါ်ခင်ဌေးမြင့်တို့၏ သားဖြစ်သူ ဦးကျော်ထွန်းလင်း[၁၂/မဂဒ(နိုင်)၁၃၈၂၁၇]သည် ဇနီးဖြစ်သူ ဒေါ်ခင်နွယ်နွယ်ဝင်း[၁၂/မဂဒ(နိုင်)၁၃၂၀၈၅]နှင့်အတူ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်–၄၂/၅၀ တွင် နေထိုင်ပေါင်းသင်းနေသူများဖြစ်ကြပါသည်။ သားဖြစ်သူ ဦးကျော်ထွန်းလင်းသည် မိဘတို့၏ ဂုဏ်သိက္ခာကို မငဲ့ကွက်ဘဲ ငွေကြေးအရှုပ်အရှင်းများပြုလုပ်လာသဖြင့် သားသမီးတို့၏ကျင့်ဝတ်ကို ပျက်ပြားလာသည်ဖြစ်၍ ယနေ့မှစ၍ သားဖြစ်သူ ဦးကျော်ထွန်းလင်းအား အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးကျော်ထွန်းလင်းနှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်း လူမှုရေးအရှုပ်အရှင်းမှန်သမျှမှာ ဦးကျော်ထွန်းလင်းသည် အရွယ်ရောက်ပြီးသူဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏အမှုသည် မိဘနှစ်ပါးနှင့် မည်သို့မျှ စပ်ဆိုင်ပတ်သက်မှုမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပန်၊ ဒေါ်ခင်ဌေးမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်ငြိမ်း(ဖောင်တော်သီ)**
**B.A(Law),LL.B, DBL, DML**
**(စဉ်–၂၃၀၂)**
**Ph:09–5108521**

**ဒေါ်ခင်မေသန်း**
**LL.B, DBL, DML, DIL**
**(စဉ်–၃၂၂၈)**
**Ph:09–5015316**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၁၆၂(ပထပ်)၊ ၃၅–လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ မင်းမဟော်လမ်း၊ အမှတ်(၁၁၂)ဟုခေါ်တွင်သော အကျယ်အဝန်း ($၁၂\frac{၁}{၂}$ × ၅၀)ပေ၊ ဒုတိယထပ် (တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း) တိုက်ခန်းအား ဒေါ်ယုယုမာ(၁၂/ကတန(နိုင်) ၁၀၄၉၆၅)မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအား ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ လုပ်ဆောင်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးမြအောင်(အောင်ကြီး)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၉၁၃)**
**အမှတ်–၇၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉၅၁၅၁၂၄၆**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ ပုဏ္ဏာမီလမ်း၊

(၁) မြေကွက်အမှတ်(၁၂၄၉)၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ပေ )၊ (၂၄၀၀)စတုရန်းပေ ဒေါ်တင်တင်ဌေး (N/RGN– 008423)အမည်ပေါက် ပါမစ်မြေကွက်နှင့်

(၂) မြေကွက်အမှတ်(၁၂၅၀)၊ အကျယ်အဝန်း(၄၀ ပေx ၆၀ပေ )၊ (၂၄၀၀)စတုရန်းပေ ဒေါ်လှလှဌေး (K/RGN–028882) အမည်ပေါက် ပါမစ်မြေကွက်

အထက်ဖော်ပြပါ မြေကွက် ၂ကွက်တွဲအား ယခုရောင်းချသူ ဒေါ်ရီဝေ [၉/မမန(နိုင်)၀၈၇၂၈၉]သည် အမည်ပေါက်များထံမှ မြေကွက်နှင့်တကွ ပါမစ်မူရင်းအား အရပ်ကတိစာချုပ်(အဆက်ဆက်)ဖြင့် မိမိမှဝယ်ယူ ပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားရုံးနှင့်တကွ သက်ဆိုင်ရာရုံးဌာန အသီးသီးတို့တွင် တားမြစ်ပိတ်ပင်ခံထားရခြင်းမရှိကြောင်း၊ လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိမ့်ဖြူနိုင်**
**LL.B,D.B.L,DML တရားလွှတ်တော်ရှေ့နေ (စဉ်–၉၈၇၇)**
**တိုက်(အေ–၂)၊ အခန်း(၀၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊ ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၅၀၅၄၈၂၊ ၀၉–၇၆၄၅၀၅၄၈၂**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့ ၊ မရမ်းကုန်းမြို့နယ်၊ ၁–ရပ်ကွက်၊ ပထမဖြတ် သမိုင်း ၁၃–လမ်း၊ အမှတ်–(၁၁၅) မြေညီထပ်မှန်ခန်းအပါ အကျယ်အဂန်း(၁၂ခွဲx၅၀)ပေရှိသော (မြေရှင် ဦးမောင်ရှိန်) လူနေတိုက်ခန်းအား ဦးဂင်းဟုတ်[၁၄/ကကန(နိုင်)၀၇၅၄၀၅] ဆိုသူမှ တရားဂင်ဂယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း ကတိပြုပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးခိုင် [၇/ကဂန(နိုင်)၁၁၈၆၈၄] မှ အဆိုပါ လူနေတိုက်ခန်းအား တရားဂင်ဂယ်ယူ ပိုင်ဆိုင်နိုင်ရန်အတွက် လူနေတိုက်ခန်း၏ ရောင်းဖိုးငွေများထဲမှ တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါလူနေတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာမှတ်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့် နေ့ရက်ကျော်လွန်ပါက အရောင်းအဂယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မျိုးခိုင်၏ လွှဲအပ်ချက်အရ–**
**ဦးဝင်းမင်းဗိုလ် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၈၅၉)**
**အမှတ်–(၁၅၈/ခ)၊ ပေ–၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊**
**လှိုင်သာယာ(အနောက်)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၈၁၁၁၇၁၃၊ ၀၉–၆၈၉၆၈၈၈၈၀**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုမေ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

အား
က
စား
မြှင့်
တင်
စိတ်
လန်း
ရွှင်
ဆန့်
ကျင်
မူး
ယစ်
ဆေး

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၄-၅-၂၀၂၃ရက် ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(၂၄)ပါ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက်အမှတ်-၀၅ (၄၀၅)၊ ၄လွှာ အများသိစေရန်ကြေညာခြင်းကြော်ငြာတွင် ဒေါ်သူဇာအောင်(စဉ်-၁၁၈၇၉/၁၇) တရားလွှတ်တော်ရှေ့နေနှင့် ဒေါ်ခင်ပြုံးလှိုင်(စဉ်-၄၉၂၉၉/၁၇)အထက်တန်းရှေ့နေဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)ဆံ့ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး- ဗိုလ်တထောင်မြို့နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ခုတင်(၂၀၀)ဆံ့ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အရေးပေါ်လာရောက်ပြသသော လူနာများနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ Consumable များ၊ ခွဲစိတ်ခန်း၊ ခွဲစိတ်မှန်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၁၅-၅-၂၀၂၃)(တနင်္လာနေ့) နံနက်(၁၀)နာရီ
တင်ဒါဖောင်ပိတ်မည့်ရက် - (၉-၆-၂၀၂၃)(သောကြာနေ့) ညနေ(၄)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ခုတင်(၂၀၀)ဆံ့ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး - ဗိုလ်တထောင်မြို့နယ်**
**ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၉-၇၈၈၁၂၈၀၈၈**
**၀၉-၄၀၂၅၃၂၉၈၂**
**၀၉-၇၉၂၃၅၆၆၂၃**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်း (၂)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| Lot(1) | Wheel Loader(10 Ton) | 2 Nos | Japan/Korea |
| Lot(2) | Kelly Bar(15 m) with Swivel for Soilmec RT3ST | 1 No | All Countries |

(က)တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - (၁၇-၅-၂၀၂၃)ရက်
( ခ )တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်/အချိန် - (၃၁-၅-၂၀၂၃)ရက် (၁၅:၀၀)နာရီ
( ဂ )တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ - ရုံးအမှတ်(၁၁)၊ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်
(ဃ)တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်/အချိန် - ထပ်မံအသိပေးအကြောင်းကြားပါမည်။

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ(စက်မှု)၊ နေပြည်တော် (ဖုန်း)-၀၉-၅၁၄၇၁၂၉၊ ၀၉-၅၀၀၇၀၅၄၊ ၀၉-၅၀၉၁၄၄၉ တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဦးကျော်သိန်းနှင့် ဦးကျော်လှိုင်တို့ သိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၁၈၈၊ သီရိမြိုင်(၉)လမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ်-၄/C-၉၃၊ ဧရိယာ (၀. ၇၂၂)ဧကရှိ မြေကွက်ထဲမှ (၂၅x၅၀)ပေအစိတ်အပိုင်းရှိ မြေနှင့်အိမ်ကို အမည်ပေါက်ဖြစ်သူ ဦးကျော်သိန်းထံမှ ဦးကျော်လှိုင် ဝယ်ယူခဲ့ပြီး ဦးကျော်လှိုင်ထံမှ ကျွန်တော်မှထပ်မံဝယ်ယူထားခြင်းဖြစ်ပါသည်။ ယခုအခါ အဆိုပါ မြေနှင့်အိမ်ကို အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လိုအပ်နေသည့်အတွက် ဦးကျော်သိန်းနှင့် ဦးကျော်လှိုင်တို့မှ ၂၀၂၃ ခုနှစ်၊ မေလ (၂၁)ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးရန် အကြောင်းကြားသိစေအပ်ပါသည်။

**ဦးကျော်မင်း**
**[၁၂/လမန(နိုင်)၀၂၃၂၉၀]**
**အမှတ်-၁၈၈၊ သီရိမြိုင်(၉)လမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၂၆၅၄၀၀၀၀၉**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် (၂၀၂၃-၂၀၂၄)ခု ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများ၊ Speciality ဆေးဝါးများ၊ ခွဲစိတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ခွဲစိတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ Basic Consumables များနှင့် Speciality Consumables များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၅-၂၀၂၃ (တနင်္လာနေ့)
တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ - တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့။
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်ရက် - ၁၄-၆-၂၀၂၃ (ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့**
**ဖုန်း - ၀၆၃-၂၀၂၆၀၂၉**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဆေးရုံတက်ရောက်ကုသသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲခန်းသုံးနှင့်ခွဲစိတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Liquid Oxygen အပါအဝင် Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများ
စတင်ရောင်းချမည့်ရက်နှင့်အချိန် - ၁၆-၅-၂၀၂၃ (အင်္ဂါနေ့)၊ နံနက် (၁၀)နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၅-၂၀၂၃ (တနင်္လာနေ့)၊ ညနေ(၄)နာရီ

၃။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့်အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၈၄၄၉၃၊ ၀၁-၃၈၄၄၉၄၊ ၀၁-၃၈၄၄၉၅၊ ၀၁-၃၇၉၁၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## တင်ဒါအဆိုပြုလွှာ ဖိတ်ခေါ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၆၆)၊ ရွာသာကြီးဇုန်(D)၊ မြေဧရိယာ(၉၆.၄၂)ဧကတွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ စီမံကိန်းရင်းနှီးမြှုပ်နှံ ဆောင်ရွက်သူ(Developer)အဖြစ် ဆောင်ရွက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

၁။ တင်ဒါအဆိုပြုလွှာ စတင်ရောင်းချမည့်ရက် - ၁၆-၅-၂၀၂၃ ရက် (ရုံးချိန်အတွင်း)
၂။ တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့်ရက် - ၁၅-၆-၂၀၂၃ ရက် (ရုံးချိန်အတွင်း)
၃။ အဆိုပြုလွှာ ရောင်းချ/တင်သွင်းရမည့်နေရာ - အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်
၄။ အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းအမှတ်(၀၆၇-၃၄၀၇၅၂၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း(၂၀၀)အထက်ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

**(က) တည်ဆောက်ရေးလုပ်ငန်း**

Lot-1 ပြည်နယ်အုပ်ချုပ်ရေးမှူးနေအိမ်(၇၀'x၄၉') RC(၁)ထပ်နှင့် ကားဂိုဒေါင်(၁၈'x၃၅')ဆောက်လုပ်ခြင်း
Lot-2 ချီဖွေခရိုင်၊ အမှုထမ်းအိမ်ရာ(၄)ခန်းတွဲ(၄)ထပ် RCဆောက်လုပ်ခြင်း(၁၀၄'x၄၀')
Lot-3 တနိုင်းခရိုင်၊ အဆင့်မြင့်အရာရှိအိမ်ရာ(၂)ထပ် RC ဆောက်လုပ်ခြင်း(၃၄'x၃၆')
Lot-4 တနိုင်းခရိုင်၊ အမှုထမ်းအိမ်ရာ(၄)ခန်းတွဲ(၄)ထပ်ဆောက်လုပ်ခြင်း(၅၁'x၆၁'.၆")

**(ခ) ဝယ်ယူရေးလုပ်ငန်း**

Lot-5 ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူခြင်း

၂။ တင်ဒါပုံစံလျှောက်လွှာများကို အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-
(က) တင်ဒါလျှောက်လွှာ ရောင်းချပေးမည့်ရက် - (၁၅-၅-၂၀၂၃)မှ (၂၉-၅-၂၀၂၃)ထိ
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် - (၂၉-၅-၂၀၂၃)ရက်၊ (၁၆:၃၀)နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ဌာနခွဲ(၁)၊ ဌာနစု(၁)၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၃။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး(၀၇၄-၂၅၂၂၆၆၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လွင် [၁၂/ဗဟန(နိုင်)၀၄၄၅၁၆] ကိုင်ဆောင်သူထံ ဒေါ်မိုးအေး [၁၂/တမန(နိုင်)၀၅၈၆၇၉] နှင့် ဒေါ်မိုးမိုးကြည်[၁၂/တမန(နိုင်)၀၈၃၈၉၇]ကိုင်ဆောင်သူတို့မှ ၎င်းတို့ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာလျက် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ မြေကွက်အမှတ်(၄၉၇/ခ)၊ မြတ်လေးလမ်းဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ ပေ)ရှိ မူလအမည်ပေါက် ဦးစိုးညွန့် (AB - ၆၇၀၅၇၅) အမည်ပါရှိသည့် ပါမစ်မြေကွက်အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူများဖြစ်သော ဖော်ပြပါရောင်းချသူနှစ်ဦးမှ ကျွန်ုပ်၏ မိတ်ဆွေထံသို့ ထပ်မံရောင်းချရာတွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေအချို့ အဝက် ပေးချေထားပြီးဖြစ်ရာ မည်သူမဆို အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသည့်အထောက်အထားများနှင့် လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပါမည့်အကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်မျိုးညွန့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၅၃၃/၁၃) (၃၀-၈-၂၀၁၃)**
**အမှတ် (၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၁၉၁၀၃၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဂျိုးဖြူကျေးရွာအုပ်စု၊ ဂျိုးဖြူကျေးရွာရှိ ကွင်းအမှတ် (၇၃၉ᵃ)၊ ဂျိုဖြူကွင်း၊ ဦးပိုင်အမှတ်-၁၇/၂၊ မြေဧရိယာ (၀.၃၆) ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက်ခံအိမ်တို့ကို ရောင်းချသူ ဒေါ်သန်းသန်းမော် [၁၂/တကန(နိုင်)၁၃၆၄၄၉] ထံမှ ဦးပြည့်ဖြိုးဟန် [၁၂/မရက(နိုင်)၁၀၄၄၆၅] က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်သူများရှိပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်လတ် (B.Sc, H.G.P, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၆၃၄၅)**
**အမှတ်-၅၆၁၊ အခန်း-၁၀၁/၂၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ကန့်ကွက်လိုက နိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | | | | လျှောက်ထားသည့် | | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|---|---|---|
| | ကိုယ်စားလှယ်လွှဲစာ(GP/SP)ရရှိသူ | မှတ်ပုံတင်အမှတ် | တင်ပြသည့်ကိုယ်စားလှယ်လွှဲစာအမှတ်နှင့်ရုံး | ကိုယ်စားလှယ်လွှဲစာလွှဲအပ်သူ | မှတ်ပုံတင်အမှတ် | မြို့နယ် | မြေတိုင်းရပ်ကွက် | မြေကွက်အမှတ် | မြေအမည်ပေါက် | လိပ်စာ | |
| ၁ | ဒေါ်ဝေဝေခိုင် | ၉/မရတ(နိုင်)၁၀၆၉၅၁ | ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး GPအမှတ် ၁၀၄၂/၂၀၁၃(၁၈.၁.၂၀၁၃)<br>ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး GPအမှတ်၁၂၅၂၀/၂၀၁၄(၁၂.၁၂.၂၀၁၄) | ဦးရန်နိုင်အောင်<br>ဦးမိုးမြတ်အောင် | ၁၂/ဗဟန(နိုင်)၀၉၉၃၃၅<br>၁၂/ဗဟန(နိုင်)၁၀၂၈၁၅ | ကမာရွတ် | ၃၆D | ၈၀ဘီ/၁ | ဒေါ်ရင်ရင်မြ+၁ | ၄၆၊ အင်းယားလမ်း၊ (၁၀)ရပ်ကွက် | အမည်ပြောင်း |
| ၂ | ဒေါ်မို့နွယ်+၁ | ၁၂/မရက(နိုင်)၀၉၈၂၉၃ | ပြင်ဦးလွင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ်၁၈၁/၂၀၂၃(၉.၂.၂၀၂၃) | ဒေါ်အေးမြနိုင် | ၁၂/မရက(နိုင်)၁၀၇၈၀၃ | မရမ်းကုန်း | ၃၃ သမိုင်း | ၁၂/ခ-၁-၅၅/D-၂-က၂ | ဒေါ်အေးမြနိုင်+၁ | ၁၃၃/ဒီ၊ မောရဝတီလမ်း၊ (၅)ရပ်ကွက် | တိုင်းခွဲအတည်ပြု |
| ၃ | ဦးထွန်းထွန်း | ၁၀/မလမ(နိုင်)၁၀၀၀၀၅ | ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ် ၁၀၁၆၃/၂၀၂၂(၂၀.၆.၂၀၂၂) | ဦးနေဝင်း | NMK-၁၂၃၁၉၆<br>၁၂/စခန(နိုင်)၀၀၇၆၉၈ | လှိုင်သာယာ | သကတ-၁ | ၅၀၀(က) | ဦးနေဝင်း | ၅၀၀(က)၊ အောင်မေတ္တာလမ်း၊(၇)ရပ်ကွက် | မြေပုံကူး(အရောင်း) |
| ၄ | ကမ္ဘောဇဘဏ်၊ကမာရွတ်ဘဏ်ခွဲ(၂)(ကိုယ်စား)ဦးရန်နိုင်လင်း | ၁၂/ဒဂတ(နိုင်)၀၅၀၃၄၂ | ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ် ၈၅၈/၂၀၂၁(၂၀.၁.၂၀၂၁) | ဒေါ်မြင့်မြင့်ထွေး | ၁၂/ကမရ(နိုင်)၀၂၃၃၈၂ | ဒဂုံအရှေ့ | ၈ | ၅၈ | ဒေါ်မြင့်မြင့်ထွေး | ၅၈၊ အင်ကြင်းလမ်း၊ (၈)ရပ်ကွက် | မြေပုံကူး(အရောင်း) |
| ၅ | ဒေါ်စုစုအေး | ၁၂/မရက(နိုင်)၀၃၂၂၉၇ | ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ်၁၄၃၅၄/၂၀၁၃(၁၄.၈.၂၀၁၃) | ဒေါ်အေးကြည် | CE-၀၁၂၉၅၁<br>၁၂/ဥကမ(နိုင်)၂၃၈၄၁၀ | မြောက်ဥက္ကလာ | ၁ | ၆၇၄ | ဒေါ်အေးကြည် | ၆၇၄၊ သော်ကလမ်း၊ (၁)ရပ်ကွက် | မြေတိုင်း |
| ၆ | ဒေါ်သင်းသင်းသော် | ၁၂/သကတ(နိုင်)၂၀၂၅၅၆ | ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး GPအမှတ်၁၉၈၄၄/၂၀၂၂(၂၅.၁၀.၂၀၂၂) | ဦးစန်းထွန်း | ၁၂/သလန(နိုင်)၀၃၅၁၇၉ | ဒဂုံမြောက် | ၄၇ | ၁၀၀ | ဒေါ်ကျင်အေး | ၁၀၀၊ စံပယ်လမ်း၊ (၄၇)ရပ်ကွက် | အမည်ပြောင်း |
| ၇ | ဒေါ်ကြည်ဖြူသန့် | ၁၂/ဒဂမ(နိုင်)၀၂၆၀၇၈ | ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး SPအမှတ်၄၃၂၇/၂၀၂၃(၇.၃.၂၀၂၃) | ဦးစိန်သောင်း | ၁၂/လမန(နိုင်)၀၄၂၅၂၇<br>ISN-၁၁၃၃၇၂ | ဒဂုံမြောက် | ၄၂ | ၂၁၁ | ဦးစိန်သောင်း | ၂၁၁၊ ဦးမောင်ကြီးလမ်း၊ (၄၂)ရပ်ကွက် | မြေပုံကူး(အရောင်း) |

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဇီရှီ
## အသက် (၁၀၂) နှစ်

သူငယ်ချင်း ဦးရှူစံကြူး၏မိခင် ဒေါ်ဇီရှီသည် ၁၂-၅-၂၀၂၃ ရက်နေ့ ညနေတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**DSA (23) မှ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မာမာငွေး
## အသက် (၇၃) နှစ်

ဗိုလ်မှူးကြီး ဝင်းဆွေ(ငြိမ်း)၏ ချစ်လှစွာသော ဇနီး ဒေါ်မာမာငွေးသည် ၁၃-၅-၂၀၂၃ ရက်နေ့ နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းမိပါသည်။

**ခလရ (၃၃)မှ အရာရှိ၊ စစ်သည်ဟောင်းများ**

## ဦးသိန်းဝင်း
### လက်ထောက်ကထိက(ငြိမ်း)(အခြေခံကျန်းမာရေးတက္ကသိုလ်)
## အသက်(၈၅)နှစ်

အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ကျောင်းကုန်း(၁)လမ်းနေ(ဦးဘချို-ဒေါ်ကြမ်း)တို့၏သား၊ ဒေါက်တာ ညွန့်ဦး-ဒေါက်တာ သက်သက်ဝင်း၊ (ဦးဇော်မျိုးဝင်း)-ဒေါ်ရီရီသန်း(LHV ကျောင်းဗဟန်း)၊ ဒေါက်တာ အောင်ထိုက်ဝင်း-ဒေါက်တာ သိင်္ဂီသန်းဦးတို့၏ မွေးသဖခင်၊ မြေး ငါးယောက်တို့၏အဘိုး၊ ဒေါ်တင်အုန်း (အထက်တန်းပြ-ငြိမ်း၊ အထက-၂၊ မင်္ဂလာဒုံ)၏ ခင်ပွန်း ဦးသိန်းဝင်းသည် ၁၃-၅-၂၀၂၃(စနေနေ့) ညနေ ၃:၁၀ နာရီတွင် (၈၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၂၃ရက် နံနက် ၁၀နာရီတွင်ရေဝေးသုသာန်(ခန်းမ-၁/က)မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ကွင်းအမည်-ကျောက်အိုင်ကွင်း၊ ကွင်းအမှတ်-၉၈၇၊ ဦးပိုင်အမှတ်(၈/၁၉)၊ ဧရိယာ(၀.၃၀)ဧကသည် ရန်ကုန်မြောက်ပိုင်းခရိုင်၊ မြေယာစီမံခန့်ခွဲမှု ကော်မတီရုံးတွင် မအုံးကြည်အမည်ဖြင့် မှတ်သားတည်ရှိသည့် " R " အမှတ်အသားပြလယ်မြေအမျိုးအစားဖြစ်ပြီး ယင်းမြေကွက်ကြီးအနက်မှ အကျယ်အဝန်း( ၃၀/၂၈ ပေx ၁၇၃ပေ) ရှိ အမှတ်-၉/၄၅၊ ဘိုးတော်လမ်း၊ ကျောက်တလုံးရပ်ကွက်၊ လှည်းကူးမြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဝီစိတွင်းနှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် မိခင်ဖြစ်သူ မအုံးကြည်နှင့် ဖခင်ဖြစ်သူတို့ ကွယ်လွန်ခဲ့ကြပြီးဖြစ်၍ ကျန်ရှိသောသားသမီးများဖြစ်သည့် ဒေါ်ဝင်းမြင့်[၁၂/လကန(နိုင်)၀၈၉၆၁၃]၊ ဒေါ်သိန်းသိန်းဝင်း [၁၂/လကန (နိုင်)၀၈၈၉၀၂]၊ ဦးသိန်းထွန်း[၁၂/လကန(နိုင်)၂၄၉၄၉၇]တို့မှ မိမိတို့(၃)ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အရှုပ်အရှင်းကင်းရှင်းပြီး ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းအထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄ နဝဒေး၊ မြေကွက်အမှတ်-၈၇၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်-၈၇၊ နဝဒေးအိမ်ရာ၊ (၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်အေးအေး [၁၂/တမန(နိုင်)၀၇၃၅၁၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်အေးအေး [၁၂/တမန(နိုင်)၀၇၃၅၁၆](မိခင်)သည် (၂၈-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ ဦးစံသိန်း(K/RGN-၀၂၃၉၂၂)(ဖခင်)သည်(၁၀-၆-၂၀၀၄)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားပါသဖြင့် ဦးကျော်မင်းနိုင်[၁၂/တမန(နိုင်)၀၀၁၃၇၃]၊ ဦးချမ်းသာ[၁၂/တမန(နိုင်)၀၉၇၅၀၅]၊ ဦးပြည့်ဖြိုး[၁၂/တမန(နိုင်)၀၉၇၅၀၄]၊ ဦးသက်စံ[၁၂/တမန(နိုင်) ၁၁၄၈၀၀] တို့မှ မိခင်၊ ဖခင်တို့တွင် ၎င်းတို့သားသမီး(၄)ဦးသာမွေးဖွားကြောင်း၊ အခြားသားသမီးမရှိကြောင်း၊ ၎င်းတို့သာပိုင်ဆိုင်ကြောင်း အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုထားသည့်ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဦးပြည့်ဖြိုး၊ ဦးသက်စံတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၆၃၇/၂၂ (၁၆-၂-၂၀၂၂)ရရှိသူနှင့် ၎င်းကိုယ်တိုင်အတွက် ဦးချမ်းသာ[၁၂/တမန(နိုင်) ၀၉၇၅၀၅]မှ ဦးကျော်မင်းနိုင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၉၂/၁၄(၁၄-၅-၂၀၁၄)၊ ဒေါ်စုစုအောင်[၁၂/အစန(နိုင်)၀၆၄၇၇၉]တို့ ပူးတွဲလျက် ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ မုခ်ဦး၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ ကား ဒါယိကာမကြီး
## ဒေါ်တင်တင်ဦး
### မော်လမြိုင်၊ ဇာသပြင်
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ မဟာဝိဇ္ဇာမိုရ်လမ်း၊ စိမ်းလဲ့ဗီလာအိမ်ရာဝင်း၊ အမှတ်(၅၉/၆၁/စီ)နေ (ဦးဘိုးဆိုင်-ဒေါ်ကွန်မေ)တို့၏သမီး၊ ဒေါ်မြမြကျော့၊ မောင်ဖိုးချစ်တို့၏ မွေးစားမိခင် ကျေးဇူးရှင် ဒေါ်တင်တင်ဦးသည် ၁၀-၅-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၂:၁၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် နေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၂-၅-၂၀၂၃(သောကြာနေ့)တွင် ကောင်းမွန်စွာပို့ဆောင်ဂူသွင်းပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၃ (အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီ(မြို့မကျောင်းသူဟောင်း)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၄)လမ်း၊ ခြံအမှတ်(၅)နေ (ဦးထွန်းရှိန်)၏ ဇနီး၊ ဦးကျော်ဦး - ဒေါ်ခင်လင်းဦး၊ ဒေါ်သင်းသင်းရှိန်၊ ဦးတင်ဦး(CTT Computer)- ဒေါ်အေးအေးနွယ်၊ ဦးခွန်ဦး (CTT Computer, MICTDC)- ဒေါ်ချိုမာဦး တို့၏ မိခင်၊ မောင်လူမော်ကျော်ဦး (CTT Computer)- မဖူးပွင့်ဖြူ၊ မမင်းမင်းအောင်ဝင်း၊ မထက်မြတ်နိုးဦး၊ မောင်ခွန်ရဲဦး၊ မယွန်းလဲ့နေခြည်ဦးတို့၏ အဘွား၊ မောင်ဘုန်းပြည့်သူ၊ မောင် Joxon Kyaw Oo၊ မောင် Maxon Kyaw Oo တို့၏ ဘွားဘွားသည် ၁၄-၅-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၉:၃၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၃ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီ (မြို့မကျောင်းသူဟောင်း)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်လွင်-ဒေါ်စောတင်)၊ (ဦးသန်းရွှေ-ဒေါ်မေ)၊ (ဦးလှဖေ)- ဒေါ်ရွှေရွှေ (ဦးအောင်မြင့်)- ဒေါ်ကြူကြူ (ဦးသိန်းအောင်)- ဒေါ်သန်းသန်း၊ (ဦးအောင်ကြည်)တို့၏ ညီမ၊ (ဦးထွန်းရှိန်)၏ ဇနီး၊ ညီ၊ မောင်၊ တူ ၁၃ယောက်၊ တူမ ၁၀ယောက်တို့၏ အဒေါ်၊ မြေး ၃၄ ယောက်တို့၏ ဘွားဘွားသည် ၁၄-၅-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၉:၃၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၃(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သက်ဆိုင်သူများနှင့် အများသိရှိစေရန် ကြေညာခြင်း


ဒေါ်ထက်ထက်အောင် Facebook Account (အိနဲ့ကျော့မေမေ အိနဲ့ကျော့မေမေ)၏လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်အမှုသည် ဒေါ်ထက်ထက်အောင် Facebook Account (အိနဲ့ကျော့မေမေ အိနဲ့ကျော့မေမေ)သည် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် စုမဲအစုစပ်စုခြင်းအား လွန်ခဲ့သော ၂၀၂၂ ဧပြီမှစတင်ပြုလုပ်ခဲ့ပြီး ၂၀၂၃ ခုနှစ် မေလထိ နာမည်ပျက်မရှိ လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် ၂၀၂၃ ခုနှစ် မေလဆန်းမှစ၍ စုကြေးထည့်ဝင်သူများ၏ ပျက်ကွက်မှုများကြောင့် ငွေကြေးပြဿနာ အရှုပ်အရှင်းများဖြစ်ပေါ်နေသည့် အခြေအနေသို့ရောက်ရှိနေပါသည်။ ကျွန်ုပ်မိတ်ဆွေကိုယ်တိုင်မှာလည်း တတ်နိုင်သမျှ ငွေကြေးစိုက်ထုတ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး ပေးရန်ရှိသောငွေကြေးများလည်း ရှောင်တိမ်းခြင်းမရှိ အတတ်နိုင်ဆုံးပြေလည်အောင် အမြန်ဆုံးဖြေရှင်းပေးရန်လည်း တတ်စွမ်းသမျှဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ပေးရန်ကျန်ရှိနေသောငွေကြေးများနှင့်ပတ်သက်၍ ပြေလည်အောင်ဖြေရှင်းပေးပါမည့်အကြောင်းနှင့် ညှိနှိုင်းဆောင်ရွက်နေစဉ်အတွင်း ခေတ္တခဏသည်းခံစောင့်ဆိုင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျွန်ုပ်အမှုသည်နှင့်ပတ်သက်၍ အထင်အမြင် လွဲမှားစေရန် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ မမှန်သတင်းဖြန့်ခြင်း၊ ဓာတ်ပုံများအား အသုံးပြုကာ မဟုတ်မမှန် ပြောဆိုခြင်းများ၊ ကျွန်ုပ်အမှုသည်၏ မိသားစု၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများသို့ ဆက်သွယ်ကာ ဂုဏ်သိက္ခာ ကျဆင်းစေသော စကားရပ်များ ပြောဆိုခြင်း၊ ခြိမ်းခြောက်ပြောဆိုခြင်းများအား မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးနက်စွာ အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကျော်**
**LL.B., BA (Business Law), C.B.L., DL-101, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၉) (၂၉-၄-၂၀၁၄)**
**အမှတ်(၇၈)၊ ပထမထပ်၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၅၁၄၀၊ ၀၉-၂၅၀၇၂၉၁၅၅၊ ၀၉-၇၆၆၃၄၅၆၆၆**

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။




### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးစိုးနောင်(Daniel Thaung Pe)
### အ.ထ.က-တောင်ငူ(ငြိမ်း)
## အသက်(၈၅)နှစ်

တောင်ငူမြို့၊ ဘုရားလမ်းနေ (ဦးသောင်းဖေ-ဒေါ်သန်းတင်)တို့၏သား၊ (ဒေါ်အေးရီ)၊ (ဒေါ်ညွန့်ရီ)၊ (ဦးထွန်းသိန်း)တို့၏မောင်/ညီ၊ ဒေါ်နှင်းဆီ၊ (ဒေါ်ခင်စိုးရီ)၊ ဦးအေးလွင်၊ (ဒေါ်ခင်စောရီ)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၃၇)၊ ၁၄၈-လမ်းနေ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဦးမောင်မောင်သန့်-ဒေါ်ခိုင်မာစိုး၊ ဦးအောင်စိုးဦး-ဒေါ်စုမြတ်ကြည်၊ ဦးသန်းထိုက်စိုး-ဒေါ်ဥမ္မာသောင်း၊ ဒေါ်စမ်းမာစိုး(CB Bank)တို့၏ဖခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၄-၅-၂၀၂၃ရက်၊ နံနက်၇:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ယဉ်မွန်အောင်(ခ)ထွေးထွေး
## အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သံလွင်လမ်းနေ (ဦးခင်ဦးအောင်)-ဒေါ်မြင့်မြင့်အုန်း(အောင်ပြည်တန်ကုမ္ပဏီ)တို့၏ချစ်လှစွာသောသမီးထွေး၊ ပြည်မြို့နေ ဦးစိုးမြင့်-ဒေါ်လှမြင့်တို့၏သမီးချွေးမ၊ ဒေါ်ယဉ်မူအောင်၊ ဦးဝင်းငွေ-ဒေါ်ယဉ်မော်အောင်တို့၏ချစ်လှစွာသောညီမလေး၊ ဦးကျော်သူအောင်၏ချစ်လှစွာသောအစ်မထွေး၊ ကိုရဲလင်းငွေ-နန်းစံဟွမ်၊ ကိုဥက္ကာငွေ-မခိုင်သစ်လွင်၊ ကိုဖွဲ့လင်းငွေ-မဟေသီတို့၏ချစ်လှစွာသောအဒေါ်၊ မြေးသုံးယောက်တို့၏အဘွား၊ ဦးထင်လင်းအောင်(အောင်ပြည်တန်ကုမ္ပဏီ)၏ချစ်လှစွာသောဇနီး ဒေါ်ယဉ်မွန်အောင်(ခ) ထွေးထွေးသည် ၁၃-၅-၂၀၂၃ရက် နံနက်၆:၅၀နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ချူလာလောင်ကွန်းဆေးရုံ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၄-၅-၂၀၂၃ရက်၊ နံနက် ၉:၃၀ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ Wat Hua Lamphong ဘုန်းတော်ကြီးကျောင်း၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ လူနေရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ် (၂၆၁/ခ)၊ (အလျား-၆၀ ပေ x အနံ ၂၀ ပေ)၊ ဧရိယာ (၁၂၀၀)စ/ပေရှိ ဒေါ်မြင့်သန်း [၁၂/ဥကတ(နိုင်)၁၀၆၆၇၂]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၆၁/ခ)၊ ပင်းယ(၁၁)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော အဆောက်အဦ (ရေ/မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသော ဒေါ်မြမြသန်း [၁၂/ဥကတ(နိုင်) ၁၁၈၇၇၈] ကိုယ်တိုင်ထံမှ အပြီးအပိုင် ဝယ်ယူရန် မြေကွက်၏ တန်ဖိုးအပေါ် ကျွန်ုပ်မိတ်ဆွေဖြစ်သူက ငွေတစ်စိတ်တစ်ဒေသ (စရန်ငွေ)ပေးချေပြီး ဖြစ်၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းကန့်ကွက်သူတစ်စုံ တစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိက္ကန္တာဖြူ**
**LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၀၇)**
**အမှတ်(၁၅၆)၊ ဗိုလ်ချုပ်လမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၁၃၈၉၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ အရှေ့ကုန်းလမ်း၊ အမှတ်(၄)၊ (၇)လွှာ၊ (A)၊ (ခေါင်းရင်းခန်း) အကျယ်အဝန်း(၁၅ x ၅၅)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိ တရားဝင်ပိုင်ရှင် ဦးလှငွေး [၁၀/ကထန(နိုင်)၀၂၉၄၆၉] အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| ဒေါ် အေးမြင့်ရီ | ဒေါ်အိဖြိုးဇင် | ဦးသိန်းညွန့် |
|---|---|---|
| BSc,DA, HGP, R.L, DBL, DML, DIL | LL.B, D.B.L, (စဉ်-၁၅၉၇၅) | BA, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၁) |
| ဖုန်း- ၀၉-၇၉၈၈၂၇၅၉၀ | ဖုန်း-၀၉-၇၉၀၁၂၄၈၀ | ဖုန်း-၀၉-၅၀၅၁၀၇ |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင်ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ကျွန်တော်တို့ ညီညွတ်ရင်၊ ကြိုးစားရင် ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံအထိ မလွဲကေန်ရောက်ရှိမှာဖြစ်ပါတယ်။ (၇၅)နှစ်တာကာလအတွင်း အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှုအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ (၇၅)နှစ်မှသည် နှစ် ရာ၊ ထောင်မက ကမ္ဘာတည်သရွေ့နိုင်ငံတော်ကြီး ဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ "ကမ္ဘာတည်သရွေ့၊ မြန်မာတည်ရှိရပါမယ်"**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင်ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)


## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်(အရေးပေါ်)အစည်းအဝေး ကျင်းပ

## မုန်တိုင်းအလွန်ကာလ လိုအပ်သည့်အကူအညီများနှင့် မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များအတွက် ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် မေ ၁၄**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယအကြိမ် (အရေးပေါ်) အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)၏ လက်ရှိဖြစ်ပေါ်မှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

## ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ် ယနေ့ကစားမည်



**ရန်ကုန် မေ ၁၄**

(၃၂)ကြိမ်မြောက် ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၁၅ ရက် (ယနေ့) ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်း ရွှေတံဆိပ်ဆုလုရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

မေ ၁၅ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တတိယနေရာလုပွဲအဖြစ် ထိုင်းအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မြန်မာစံတော်ချိန်

**စာမျက်နှာ ၂၅ ကော်လံ ၅ သို့ ❖**

**ယနေ့** ဖတ်စရာ

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါအား ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာထားခြင်းကို ပြန်လည်ရုပ်သိမ်း**

စာမျက်နှာ » ၁၈

---

**မြန်မာအမျိုးသမီးဘောလုံးအသင်း ယှဉ်ပြိုင်မည့် ဗိုလ်လုပွဲနှင့်အတူ တတိယလုပွဲအား တိုက်ရိုက်ထုတ်လွှင့်မည်**

စာမျက်နှာ » ၂၇